# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## ပထမပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# မှတ်တမ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၈. ၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ နေရာယူခြင်း။ | ၁ |
| | (ခ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | သဘာပတိတစ်ဦးရွေးချယ်တင်မြှောက်ခြင်း။ (ယင်းအစီအစဉ်မဆောင်ရွက်မီ အခမ်းအနားမှူးက သဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ ရွေးချယ်ပုံနည်းစနစ်အား ရှင်းလင်းတင်ပြခြင်း) | ၁ |
| | (ဃ) | သဘာပတိရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း အမည်စာရင်းကြေညာခြင်း။ | ၃ |
| | (င) | သဘာပတိ နေရာယူခြင်း။ | ၃ |
| | (စ) | သဘာပတိက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃ |
| | (ဆ) | သဘာပတိက ကတိသစ္စာကို တိုင်ပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာဆိုခြင်း။ | ၄ |
| | (ဇ) | လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၄ |
| | (ဈ) | သဘာပတိမှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| | (ည) | အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိက ကြေညာခြင်း။ | ၅ |
| | (ဋ) | အစည်းအဝေးမတက်ရောက်နိုင်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၆ |
| | (ဌ) | ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် ကြေညာခြင်း။ | ၆ |


ya 2

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | (အခမ်းအနားမှူးမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပုံနည်းစနစ်အား ရှင်းလင်းတင်ပြခြင်း) | |
| | | (၁) ဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ | |
| | | (၂) ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ | |
| | (ဍ) | ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ကြေညာခြင်း။ | ၇ |
| | (ဎ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာ ပြုခြင်း၊ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၈ |
| | (ဏ) | တိုင်းဒေသကြီးလွှတ်တော် သဘာပတိက ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း။ | ၉ |
| | (တ) | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း။ | ၉ |
| | (ထ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်း ကြေညာခြင်း။ | ၁၀ |
| ၂။ | | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၁၅. ၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၂ |
| | (စ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခြင်း။ | ၁၃ |
| | (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌအဖြစ် လျာထား သတ်မှတ်ခြင်းခံရသည့် ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဥပဒေပြုရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၁၄ |
| | (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ | ၁၈ |


ya 3

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | |
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါ်နော်ပွယ်စေး၊ ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်က တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၁၉ |
| (ည) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၂၀ |
| (ဋ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးညွန့်ရွှေ၊ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၂၂ |
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြု တင်ပြခြင်း။ | ၂၄ |
| (ဍ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်း ခံရသည့် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၂၅ |
| (ဎ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် | ၂၇ |


ya 4

စဉ် | အကြောင်းအရာ | စာမျက်နှာ


ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။

(ဏ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာစောညိုဝင်း၊ သနပ်ပင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ကတိကဝတ်အာမခံချက်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ ၂၉

(တ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကတိကဝတ်အာမခံချက်များစိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ ၃၃

(ထ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၄

## ၃။ အစည်းအဝေးတတိယနေ့ မှတ်တမ်း(၁၆. ၂. ၂၀၁၆)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၅

(ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၃၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၃၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၃၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၇

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီများဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခြင်း။ ၃၇

(ဆ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် - ၃၈

(က) စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ | |
| | (ဂ) လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | |
| | (ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆွေးနွေးတင်ပြခြင်း။ | |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၄၇ |
| (ဈ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း။ | ၄၇ |
| ၄။ | **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၁၀. ၃. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၄၈ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၄၈ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၄၉ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၄၉ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၅၀ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေပြုရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၅၀ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၅၄ |


ya 6

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၅၅ |
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၅၇ |
| (ည) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၅၈ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၅၈ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၅၉ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၅၉ |
| (ဎ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၅၉ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် အတည်ပြုကြောင်းကြေညာခြင်း။ | ၆၀ |
| (တ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | **အစည်းအဝေးပဉ္စမနေ့ မှတ်တမ်း(၁၁. ၃. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၂ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၆၂ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၆၃ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၆၃ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၆၄ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးစန်းမြင့် (ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၆၄ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၆၈ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၆၉ |
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၇၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ည) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၃ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၃ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၃ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၄ |
| (ဎ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက် များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၂၄ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၂၅ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ရပ်နားကြောင်း ကြေညာခြင်း။ | ၂၅ |
| **၆။** | **အစည်းအဝေးဆဋ္ဌမနေ့ မှတ်တမ်း(၂၈. ၃. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၂ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၂ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၈ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၈ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (စ) တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၃၉ |
| | (ဆ) အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၉ |
| | (ဇ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၈၀ |
| | (ဈ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၈၀ |
| | (ည) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၈၀ |
| | (ဋ) တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း။ | ၈၀ |
| | (ဌ) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီးကိုယ်စားလှယ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၈၄ |
| | (ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၈၅ |
| ၇။ | **အစည်းအဝေးသတ္တမနေ့ မှတ်တမ်း(၃၀. ၃. ၂၀၁၆)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၈၆ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၈၆ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၈၇ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၈၇ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၈၇ |

**စဉ်** **အကြောင်းအရာ** **စာမျက်နှာ**


(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ ၈၈

(ဆ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ ၉၁

(ဇ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်းကြေညာခြင်း။ ၉၂

(စျ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၉၃

**၈။ အစည်းအဝေးအဋ္ဌမနေ့ မှတ်တမ်း(၁၁. ၃. ၂၀၁၆)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၉၄

(ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၉၄

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၉၅

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၉၅

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၉၅

(စ) ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၉၆


ya 11

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၉၇ |
| | (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြု တင်ပြခြင်း။ | ၉၉ |
| | (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၁၀၁ |
| | (ည) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၀၁ |
| ၉။ | | **အစည်းအဝေးနဝမနေ့ မှတ်တမ်း(၁. ၄. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၀၃ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၀၃ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၀၄ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၀၄ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၁၀၅ |
| | (ဆ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၀၈ |
| | (ဇ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၁၁၀ |
| | (ဈ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(နဝမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒသမနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၁၀ |
| ၁၀။ | **အစည်းအဝေးဒသမနေ့ မှတ်တမ်း(၄. ၄. ၂၀၁၆)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၁၂ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၁၂ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၁၃ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၁၃ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၁၃ |
| | (စ) ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာန အမည်စာရင်းအား တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဆ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၁၅ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၁၅ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၁၆ |
| (ည) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း | ၁၁၆ |
| (ဋ) | ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာန အမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း။ | ၁၁၆ |
| (ဌ) | ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာနအမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၁၂၃ |
| (ဍ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၂၄ |


## ၁၁။ အစည်းအဝေး(၁၁)ရက်မြောက်နေ့ မှတ်တမ်း(၅. ၄. ၂၀၁၆)ရက်နေ့


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၂၅ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင် နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၂၅ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၂၆ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၂၆ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၂၇ |
| (စ) | တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၏ “တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း ”အဆိုကို တင်သွင်းခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ | ၁၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၁၃၀ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၃၂ |
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၁၃၄ |
| (ည) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၃၆ |
| (ဋ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၃၈ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၃၈ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၃၉ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၃၉ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၁၃၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| | (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း။ | ၁၄၀ |
| | (ထ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ | ၁၄၁ |
| **၁၂။** | | **အစည်းအဝေး(၁၂)ရက်မြောက်နေ့ မှတ်တမ်း(၆. ၄. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၂ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၄၂ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၄၃ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၄၃ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၄၃ |
| | (စ) | ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၄၄ |
| | (ဆ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၄၅ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၅ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၄၅ |
| | (ည) | တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၄၅ |
| | (ဋ) | ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့် | ၁၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း။

(ဌ) ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း။ ၁၅၀

(ဍ) ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၁

(ဎ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၅၂

**၁၃။ အစည်းအဝေး(၁၃)ရက်မြောက်နေ့ မှတ်တမ်း(၇. ၄. ၂၀၁၆)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၅၃

(ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၅၃

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၅၄

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၅၄

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၅၄

(စ) ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးစက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေး အတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ ၁၅၅

(ဆ) အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ ၁၅၅

(ဇ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၅၆

(ဈ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၅၆

(ည) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ ၁၅၆

စဉ် | အကြောင်းအရာ | စာမျက်နှာ

(၄) ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအမည်စာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း။ ၁၅၆

(၅) ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း။ ၁၅၈

(၃) ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၁၅၉

(ပ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၅၉

**၁၄။ အစည်းအဝေး(၁၄)ရက်မြောက်နေ့ မှတ်တမ်း(၈. ၄. ၂၀၁၆)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၀

(ခ) တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၆၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၆၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၆၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၆၂

(စ) ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၁၆၂

(ဆ) ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားခြင်း။ ၁၆၃

(ဇ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၆၄

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွှန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွှန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ငွေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးတင်မျိုးနောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးဇေယျာဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးရန်နိုင်စန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

ပထမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဖေဖော်ဝါရီလ ၈ ရက် ]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** ။ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူး ဦးကိုကိုဦး ဖြစ်ပါတယ်။

## အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** ။၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့အား ယခုအချိန်မှစ၍ စတင်ကြောင်းကြေညာအပ်ပါသည်ခင်ဗျား။

## သဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်ခြင်း

**အခမ်းအနားမှူး။** ။သဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည့်အတွက် သဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ ရွေးချယ်ပုံနည်းစနစ်အား အခမ်းအနားမှူးမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် ပတ်သက်၍ အများပြည်သူကြည့်ညိုလေးစားခြင်း ခံရသော သဘာပတိလောင်း အမည်စာရင်းတင်သွင်းခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်-

- သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်ဖြစ်ပါတယ်၊
- အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလိုသူသည် သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမည်၊
- အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)တွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ရပါမည်၊
- အခမ်းအနားမှူးမှ အမည်စာရင်းတင်သွင်းလွှာများကို စုစည်းပြီး သဘာပတိလောင်း၏ အမည်စာရင်းကို ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇(င)အရ လွှတ်တော်တွင် ကြေညာသွားမှာဖြစ်ပါတယ်၊
- သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာပြီး သဘာပတိလောင်းက သဘာပတိတာဝန်ထမ်းဆောင်ရန် အတွက် စင်မြင့်တွင် နေရာယူရန် ဖိတ်ခေါ်သွားမှာ ဖြစ်ပါတယ်။

သဘာပတိရွေးချယ်တင်မြှောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးဖြစ်သည့်အတွက် မရှင်းလင်းသည့် အချက်များရှိပါက ပြန်လည်မေးမြန်းနိုင်ကြောင်းနှင့် ရှင်းလင်းပါက အစီအစဉ်အရ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

" ဆွေးနွေးမေးမြန်းရန်ရှိပါသလားခင်ဗျား "

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ ]

ဆွေးနွေးမေးမြန်းရန်မရှိသည့်အတွက် အစီအစဉ်အရ သဘာပတိရွေးချယ်ခြင်းအား ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)အား ပုံစံ(၂)တွင် လက်မှတ်ထိုး၍ လာရောက်ထုတ်ယူပါရန်နှင့် အဆိုပါပုံစံတွင် မိမိတို့ ကြိုက်နှစ်သက်သည့် သဘာပတိလောင်း အမည် စာရင်းအား ဖြည့်စွက်ပြီး အခမ်းအနားမှူးထံ လာရောက်အပ်နှံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အမည်စာရင်းတင်သွင်းလွှာကိုစိစစ်ရာ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမျိုးခိုင်အား သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မူမူခင်က အမည်စာရင်းတင်သွင်းပြီး ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသူရဇော်က ထောက်ခံထားပါတယ်။ သဘာပတိလောင်း(၁)ဦးသာ ရွေးချယ်တင်ပြထားကြောင်း တွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇(င)အရ ကြေညာပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## သဘာပတိ ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား သဘာပတိ ရွေးချယ်တင်မြှောက်ခြင်း ခံရကြောင်း ကြေညာမှာဖြစ်သည့်အတွက် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါသည်။

## သဘာပတိ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်က သဘောတူအတည်ပြုတဲ့အတွက် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အား သဘာပတိအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် စင်မြင့်ထက်ရှိနေရာသို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါတယ် ခင်ဗျား။

## သဘာပတိက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး**။ ။သဘာပတိက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည့် အစီအစဉ် ဖြစ်သည့်အတွက် လွှတ်တော်ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာ ပြု၍ လက်မှတ်ရေးထိုးပေးပါရန်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မတ်တပ်ရပ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**သဘာပတိ**။ ။နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်အား ဖတ်ကြား ကတိသစ္စာပြုပြီးနောက် သဘာပတိစားပွဲပေါ်တွင် အသင့်တင်ထားသော တိုင်းဒေသကြီးလွှတ်တော် သဘာပတိ ကတိသစ္စာပြုချက်စာ၏အောက်တွင် လက်မှတ်ရေးထိုးပါသည်။

## [ နည်းဥပဒေ ၅(ဂ) နှင့် ၁၅(က) ]

" ကျွန်ုပ် ဦးမျိုးခိုင်သည် တိုင်းဒေသကြီးလွှတ်တော် သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့

ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။ ”

(သဘာပတိ လက်မှတ်ရေးထိုးနိုင်ရေးအတွက် သဘာပတိအနေဖြင့်(၁)စောင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အနေဖြင့်(၁)စောင် ဆောင်ရွက်ပေးရန်)

## သဘာပတိက ကတိသစ္စာကို တိုင်ပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာဆိုခြင်း

**အခမ်းအနားမှူး**။ ။ယခုဆက်လက်ပြီး သဘာပတိက ကတိသစ္စာကိုတိုင်ပေးခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာဆိုခြင်း အစီအစဉ်ဖြစ်သည့်အတွက် သဘာပတိနှင့် လွှတ်တော် ကိုယ်စားလှယ်အားလုံး မတ်တပ်ရပ်၍ သဘာပတိက ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ သဘာပတိစားပွဲတွင် တင်ပြထားသည့် ကတိသစ္စာပြုချက်ကို တိုင်ပေးပါရန်နှင့် ကတိသစ္စာလိုက်ဆိုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

(သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အားလုံးက ကတိသစ္စာပြုကြပါသည်။)

## [ နည်းဥပဒေ ၅(ဂ) နှင့် ၁၅(က) ]

“ ကျွန်ုပ်---------သည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး**။ ။လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ထံတွင် ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား။

(လွှတ်တော်ကိုယ်စားလှယ်များမှ မိမိတို့ စားပွဲတွင်ရှိသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန်။)

## သဘာပတိမှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော် သဘာပတိမှ နှုတ်ခွန်းဆက်စကားပြောကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**သဘာပတိ**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပသော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မိမိအား သဘာပတိအဖြစ် တင်မြှောက်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ယနေ့အစည်းအဝေးမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်သော သဘာပတိတာဝန်ကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျေပွန်စွာဆောင်ရွက်ပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိကကြေညာခြင်း

**အခမ်းအနားမှူး**။ ။အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၇၆)ဦးအနက် (၇၆)ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော် တက်ရောက်သောကြောင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးပါရန် သဘာပတိအား လေးစားစွာ တင်ပြအပ်ပါသည် ခင်ဗျား။

**သဘာပတိ**။ ။ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၇၆)ဦးအနက် (၇၆)ဦး တက်ရောက်သဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါသည်ခင်ဗျား။

## အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** ။အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များရှိပါက တင်ပြပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။ အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။)

ခွင့်ပန်ကြားရန်မရှိသဖြင့် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

## ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် ကြေညာခြင်း

**အခမ်းအနားမှူး။** ။ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း အစီအစဉ်အား စတင်ကြောင်းကြေညာပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**သဘာပတိ။** ။ယနေ့ ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန်ယခုအချိန်မှစ၍ စတင်ကြောင်း ကြေညာအပ်ပါသည် ခင်ဗျား။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်အား ကျွန်တော်မှ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ပထမအဆင့်အနေဖြင့် ဥက္ကဋ္ဌအား ရွေးချယ်သွားမည်ဖြစ်ပြီး၊ ဒုတိယအဆင့်တွင် ဒုတိယဥက္ကဋ္ဌအား ရွေးချယ်သွားမည်ဖြစ်ပါသည်။

(က) ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံတွင် ထုတ်ယူရပါမည်။

(ခ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်း တင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များ ဖြည့်သွင်းပြီး အခမ်းအနာမှူးထံ အပ်နှံရမှာဖြစ်ပါတယ်။

(ဂ) အမည်စာရင်းတင်သွင်းသူသည် မိမိအမည်စာရင်းတင်သွင်းလိုသူက ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရမည်။

(ဃ) ကျွန်တော်က အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်း၏ အမည်စာရင်းကို ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆(င)အရ လွှတ်တော်တွင် ကြေညာသွားမှာ ဖြစ်ပါသည်။

(င) ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌလောင်းနှင့် ဒုတိယဥက္ကဋ္ဌလောင်း ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖြစ်သည့်အတွက် မရှင်းလင်းသည့် အချက်များရှိပါက ပြန်လည်မေးမြန်းနိုင်ကြောင်းနှင့် ရှင်းလင်းပါက အစီအစဉ်အရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

" ဆွေးနွေးမေးမြန်းရန်ရှိပါသလားခင်ဗျား "

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ ]

ဆွေးနွေးမေးမြန်းရန်မရှိသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌလောင်း ရွေးချယ်ခြင်းအား ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံတွင် လာရောက်ထုတ်ယူပါရန်နှင့် အမည်စာရင်း တင်သွင်းရာတွင် လိုအပ်သည့် အချက်အလက်များကိုဖြည့်သွင်းပြီး သဘာပတိထံ လာရောက်တင်သွင်းကြရမည်ဖြစ်ပါတယ်။

**သဘာပတိ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမည်စာရင်းတင်သွင်းလွှာကိုစိစစ်ရာ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ရင်အား ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးက အမည်စာရင်းတင်သွင်းပြီး မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းကိုက ထောက်ခံထားပါတယ်။ ဥက္ကဋ္ဌလောင်း (၁)ဦးသာ ရွေးချယ်တင်ပြထားကြောင်း တွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆(င)အရ ကြေညာပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း အမည်စာရင်းကြေညာခြင်း

**သဘာပတိ။** တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်းအစီအစဉ်ဖြစ်သည့်အတွက် ဦးခင်မောင်ရင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။

**သဘာပတိ။** တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံတွင် လာရောက်ထုတ်ယူပါရန်နှင့် အမည်စာရင်း တင်သွင်းရာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ လာရောက်တင်သွင်းကြရမည် ဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာ လာရောက်ထုတ်ယူရန် ဖိတ်ခေါ်အပ်ပါတယ်။

**သဘာပတိ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမည်စာရင်းတင်သွင်းလွှာကို စိစစ်ရာ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကြည်ဇင်အား သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမောင်မောင်လွင်က အမည်စာရင်းတင်သွင်းပြီး ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်လှလှဝင်းက ထောက်ခံထားပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း (၁)ဦးသာ ရွေးချယ်တင်ပြထားကြောင်း တွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇(ခ)အရ ကြေညာပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**သဘာပတိ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်းအစီအစဉ်ဖြစ်သည့်အတွက် ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း၊ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး**။ ။ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်မောင်ရင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ကိုယ်စားလှယ်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကြည်ဇင်၊ ကျောက်တံခါး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ကိုယ်စားလှယ်တို့အား ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန်အတွက် သဘာပတိရှေ့မှောက်သို့ ကြွရောက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**သဘာပတိ**။ ။သဘာပတိရှေ့မှောက်တွင် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးပါ့မယ်။
(အားလုံး ပြိုင်တူ မတ်တပ်ရပ်ပေးပါရန်။)

## [ နည်းဥပဒေ ၂၈ ]

“ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ်-----------သည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင် ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။ ”
(အခမ်းအနားမှူးမှ ကတိသစ္စာပြုလွှာပေါ်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

## တိုင်းဒေသကြီးလွှတ်တော် သဘာပတိက ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

**အခမ်းအနားမှူး**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် သဘာပတိက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်းဖြစ်တဲ့အတွက် သဘာပတိ ဦးမျိုးခိုင်မှ တာဝန်လွှဲအပ်ပေးပါရန်နှင့် ဦးခင်မောင်ရင်က ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌတာဝန် လက်ခံပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ (လွှတ်တော်ဥက္ကဋ္ဌမှ ဥက္ကဋ္ဌတာဝန်ကို သဘာပတိထံမှ လက်ခံဆောင်ရွက်သည်။)

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယနေ့ ကျင်းပသော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မိမိအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ယနေ့သည် မြန်မာနိုင်ငံသမိုင်းကြောင်းတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပဲခူးတိုင်းဒေသကြီး အတွင်း ဂုဏ်ယူစရာနေ့တစ်နေ့ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ပြုပြင်ပြောင်းလဲရေး အတွက် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်တွင် မဏ္ဍိုင်သုံးရပ်ရှိသည့်အနက် လွှတ်တော်များသည် ဥပဒေပြုရေးအတွက် အဓိက မဏ္ဍိုင်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့နှင့်လည်း Check and Balance အပြန်အလှန်ထိန်းကျောင်းပေးရသော မဏ္ဍိုင်ဖြစ်ပါသည်။ လွှတ်တော်၏ အဓိက မဏ္ဍိုင်ဖြစ်သော ဥပဒေပြုရေးကို တာဝန်ယူဆောင်ရွက်ရာတွင် ပြည်သူများ၏ အကျိုးစီးပွားကို ထင်ဟပ်ဖော်ဆောင်ပေးရသည့် ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးဆုံးဖြတ်ပြဋ္ဌာန်းပေးရသော တာဝန်ကို ယူထားရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို လေ့လာ ဖတ်ရှုပြီး လေးစားလိုက်နာခြင်းဖြင့် ကိုယ်စားလှယ်များ၏ ဂုဏ်ရည်ကို ပြသစေလိုပါတယ်။

ပြည်သူများ၏ ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်သည် ပြည်သူများ၏ အမှန်တကယ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပေါ်ပေါက်လာရေးအတွက် အချိန်နှင့်တပြေးညီ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

မိမိအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ/နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံနှင့် ပဲခူးတိုင်းဒေသကြီးတွင် ဒီမိုကရေစီအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ ကြိုးပမ်းအားထုတ်မည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## လွှတ်တော်အစည်းအဝေးအား ရပ်နားကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ပြန်လည်ကျင်းပမည့် အစည်းအဝေးရက်အား ထပ်မံကြေညာပေးမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါကသည်။

**အခမ်းအနားမှူး**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

(ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးကို နံနက်(၁၀း၅၅)အချိန်တွင် ရပ်သိမ်းပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

တတိယနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက် ]**

**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၄ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၇.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]သည် ဝန်ကြီးချုပ် တာဝန်ဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ကျင်းပသည့် အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးဇေယျာဦး [တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တင်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၆-၂-၂၀၁၆) ရက်နေ့ အစည်းအဝေးသို့မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဌက ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခြင်း။

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခဲ့သော ရေးရာကော်မတီများ ဖွဲ့စည်းမှုနှင့် ပတ်သက်ပြီး အကြံပြုချက်များ၊ သီးခြားတွေ့ဆုံတင်ပြဆွေးနွေးမှုများ လက်ခံရရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ပြန်လည်သုံးသပ်ဆွေးနွေးရန် ကိစ္စရပ်များ ရှိပါသောကြောင့် ဒုတိယနေ့ အစည်းအဝေး တွင် လွှတ်တော်ဥက္ကဌက လွှတ်တော်သို့ တင်ပြအဆိုပြုခဲ့သော ရေးရာကော်မတီ၏ လျာထားဖွဲ့စည်းမှုကို ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် မကြာသော အချိန်ကာလမှာလည်း အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ရွေးချယ် တာဝန်ပေးအပ်ဖို့ ရှိနေတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ရေးရာကော်မတီများ ဖွဲ့စည်းမှု၊ တာဝန်ပေးအပ်မှုတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခန့်အပ်ပြီးချိန်မှသာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါတယ်။

ယနေ့အစည်းအဝေးမှာ ကျန်ရှိသော ရေးရာကော်မတီဖွဲ့စည်းမှုနှင့်ပတ်သက်ပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး၊ သက်တမ်းတို့ကို ဒုတိယဥက္ကဌမှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်သိထားရန်ဖြစ်သည့်အပြင် အကြံပြုချက်များ ရှိပါက လွှတ်တော်ဥက္ကဌထံသို့ အကြံပြုချက် ရေးသားပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင်-**

**(က) စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊**

**(ခ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၊**

**(ဂ) လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊**

**(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆွေးနွေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင်-

- စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၊
- လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊
- ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏လုပ်ငန်း တာဝန် သတ်မှတ်ချက်များ**

(က) ကော်မတီသည်စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်ကူညီဆောင်ရွက်ပေးရမည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦး တစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်၊

(င) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်

အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(ဆ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဇ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်း အဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ**

(က) ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီကျင်းပရမည်။

(ခ) ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဥ်း၍-

(၁) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ၊

(၅) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ

ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(ဂ) ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှောက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များ အတိုင်း ခံစားခွင့်ရှိသည်။ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်း အဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ငန်းတာဝန် သတ်မှတ်ချက်များ**

(က) ကော်မတီသည်ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ပညာရေးတိုးတက်စေရေးတွင် ကူညီ ဆောင်ရွက်ပေးရမည်။

(ဂ) ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။

(င) ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရေးတွင်

ကူညီဆောင်ရွက်ပေးရမည်။

(စ) အချို့ပြည်သူနှင့် သက်ဆိုင်သည့်လူမှုရေးကိစ္စရပ်များ၊ အလုပ်သမားရေးရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ဆ) ပြည်သူများ၏ ကျန်းမာရေးတွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေပြဋ္ဌာန်းရန်ရှိပါကလေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်လွှတ်တော်သို့တင်ပြရမည်။ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အရေးများရရှိရေး၊ လုပ်အားခေါင်းပုံဖြတ်ခံရမှုမရှိရေးတို့နှင့် ပတ်သက်ပြီး လေ့လာစိစစ်၍ တွေ့ရှိချက်ကို လွှတ်တော်သို့ တင်ပြရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကိုလေ့လာ၍ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဈ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည်လက်ရှိ အခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ည) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊အသနားခံစာများ၊တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှ တဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။

(ဋ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဌ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းသိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ပိုင်ခွင့်များ**

(က) ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

(ခ) ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍

(၁) ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး မရှိလျှင်ကော်မတီဝင်တစ်ဦးဦးက သော်လည်းကောင်း၊ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ယင်းသို့တင်ပြရာတွင်ကော်မတီဝင်များ သည်လည်းအစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးပါမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော် ဥက္ကဋ္ဌသတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။

(၄) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသော အခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးမရှိလျှင်ကော်မတီဝင်တစ်ဦးဦး ကသော်လည်းကောင်း၊ အစီရင်ခံ စာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(ဂ) ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီ၏ လုပ်ငန်းတာဝန်အရဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

(က) ကော်မတီသည်လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသော ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။

(င) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(စ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးကပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ-**

(က) ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-

(၁) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ယင်းသို့တင်ပြရာတွင် ကော်မတီဝင် များသည်လည်းအစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောထား ကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ အစီရင်ခံစာတွင်ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သက်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်းအစီရင်ခံစာကိုဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ၊

(၅) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးက သော်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(ဂ) ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ် အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့်စီမံရေးရာကော်မတီ၏လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

(က) ကော်မတီသည်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအချိန်မှီ အောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ကူညီ ဆောင်ရွက်ပေးရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်မှုရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့် ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(င) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(စ) ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ရမည်။

(ဆ) ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ ခံစားခွင့်ရှိသည့် ရပိုင်ခွင့်များနှင့် ပတ်သက်၍ လိုအပ်သလို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်။

(ဇ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်း အဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့်စီမံရေးရာကော်မတီ၏လုပ်ပိုင်ခွင့်များ**

(က) ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-

  (၁) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း၊ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည် သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်းအစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ၊

(၅) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင်ကော်မတီ အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ အစီရင်ခံစာ ကိုလွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(ဂ) ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီ၏ လုပ်ငန်းတာဝန်အရဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ် အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမနေ့အစည်းအဝေးကို ၈-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို တိုင်းဒေသကြီးလွှတ်တော်မှ အောင်မြင်စွာ ရွေးချယ်အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး ဒုတိယနေ့နှင့် တတိယနေ့များ၌ တိုင်းဒေသကြီး လွှတ်တော်၏ ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားများနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို လွှတ်တော်ကိုယ်စားလှယ်များ ကြိုတင်သိရှိလေ့လာနိုင်ရန်အတွက် ဖတ်ကြားရှင်းလင်း တင်ပြထားပြီး ဖြစ်သည့်အတွက် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် စွမ်းရည်များ မြင့်မားတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ (၁၀း၃၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

စတုတ္ထနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မတ်လ ၁၀ ရက် ]**

**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၄ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၇.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဝန်ကြီးချုပ်တာဝန်ဖြင့် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ကျင်းပသည့် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ဗိုလ်မှူးဇေယျာဦး[တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်လှိုင်သည် ကျန်းမာရေးကောင်းမွန်ခြင်း မရှိပါသဖြင့် (၁၀-၃-၂၀၁၆)ရက်နေ့မှ (၁၁-၃-၂၀၁၆)ရက်နေ့အထိ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေပြုရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေပြုရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ ဥပဒေပြုရေးကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများ၊ဦးတည်ချက်များနှင့်ညီညွတ်မှုရှိ/ မရှိစိစစ်ရန်၊
- ကောင်းမွန်သော ပြည်သူ့ရေးရာစီမံခန့်ခွဲရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိစိစစ်ရန်၊

- နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိစိစစ်ရန်၊
- နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့်အချက်များ ရှိ/မရှိ စိစစ်ရန်၊
- နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိစိစစ်ရန်၊
- အများပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ/မရှိ စိစစ်ရန်၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့်အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်းရှိ/မရှိ စိစစ်ရန်၊
- ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များရောထွေးခြင်းရှိ /မရှိစိစစ်ရန်၊
- အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူညီချက်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ/မရှိနှင့် နိုင်ငံတော် ၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ စိစစ်ရန်၊
- သက်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ/မရှိစိစစ်ရန်၊
- ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ/မရှိ စိစစ်ရန်၊
- ဥပဒေ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိစိစစ်ရန်၊
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် ဥပဒေပြုရေးနှင့် ဆက်နွယ်သော တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်၊
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ စိစစ်တင်ပြရန်၊
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရန်၊
- ကော်မတီသည်တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရန်၊

- ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးသုံးသပ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ ဆွေးနွေးသည့် အတိုင်းဆွေးနွေးစဉ်းစားတင်ပြရန် ထိုသို့ဆောင်ရွက်ရာတွင်-
    - ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊
    - ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့် ရှိသည်။
    - ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေပေးခြင်း မပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ဥပဒေပြုရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
- ပြည်သူများနှင့်သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ဥပဒေရေးရာအကြံပြုချက်များ၊ ဝေဖန် သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိသည်။
- ပြင်ဆင်ရန်အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
- ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက် နိုင်ခွင့်ရှိသည်။
- ကော်မတီ၏ တင်ပြချက်နှင့်အကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့်ကိစ္စနှင့် စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်အကြံပြုချက်များလည်း ဖြစ်ရမည်။
- ဥပဒေကြမ်းကို ကော်မတီတွင်ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-
    - ကော်မတီဥက္ကဋ္ဌသည်အစီရင်ခံစာ(မူကြမ်း)ကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။
    - အစီရင်ခံစာ(မူကြမ်း)ကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
    - ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊

ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

- တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ (၇)ရက်အတွင်း (ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌထံတင်ပြရမည်။
- ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက်သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
- ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ရပိုင်ခွင့်

ကော်မတီ၏ လုပ်ငန်းတာဝန်အရဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## သက်တမ်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥဒေပုဒ်မ ၁၆၇ (က)(ခ)(ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်း သင့်ကြောင်းနှင့် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဒေါ်ဇင်မိုးထိုက် (ဘ) ဦးရဲဒင် — ဥက္ကဋ္ဌ
  ပညာအရည်အချင်း - LLB
  ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးလင်းလင်းကျော် (ဘ) ဦးအေးလှ — အတွင်းရေးမှူး
  ပညာအရည်အချင်း - LLB (Q)
  ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးအောင်ကိုမင်း (ဘ) ဦးထွန်းရီ — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Law)
  ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးရဲလင်းနိုင် (ဘ) ဦးအေးသောင်း — အဖွဲ့ဝင်
  ပညာအရည်အချင်း - LLB
  ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးမြင့်ဦး (ဘ) ဦးညဏ် — အဖွဲ့ဝင်
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (သမိုင်း)၊ ရုံး/စာရင်းကိုင်ဒီပလိုမာ
  အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးဇော်လင်းထိုက် (ဘ) ဦးကျော်ငွေ — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (English), A.G.T.I (Electronics)
  သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးကျော်ဇေယျ (ဘ) ဦးဇေယျ — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Geology)
  ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးမျိုးကြည် (ဘ) ဦးညဏ်ထွန်း — အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့(ဓာတုဗေဒ)
  ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

- ဦးသက်စိန် (ဘ) ဦးချစ်စိန် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Physics)
  ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဗိုလ်မှူးဇော်လွင် (ဘ) ဦးအုန်းသွင် အဖွဲ့ဝင်
  ပညာအရည်အချင်း -တိရိစ္ဆာန်ဆေးပညာဘွဲ့
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်ကြီးခင်မောင်ဝင်း (ဘ) ဦးအောင်မြင့် အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ရူပဗေဒ)၊ ဥပဒေဒီပလိုမာဘွဲ့
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။'

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး[ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ]**။ ။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေး အလေးထား ဆောင်ရွက်ရန်၊
- တိုင်းရင်းသားများ၏ ဓလေ့ထုံးစံ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ရန်၊
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက်

ကူညီဆောင်ရွက်ရန်၊
- ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်လွှတ်တော်သို့ တင်ပြဆောင်ရွက်ရန်၊

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
- ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြနိုင်သည်၊
- ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင် ခြွင်းချက်သို့မဟုတ် သဘောထားကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက် များကိုရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
- အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။
- အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းရမည်။
- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ ရရှိသည့် စရိတ်များအတိုင်း

ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥဒေပုဒ်မ ၁၆၇ (က)(ခ)(ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး (ဘ) ဦးတင်ညွန့် — ဥက္ကဋ္ဌ
  ပညာအရည်အချင်း - စတုတ္ထနှစ် (သတ္တဗေဒ)
  ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးစောသူရအောင် (ဘ) ဦးအောင်သန်းရွှေ — အတွင်းရေးမှူး
  ပညာအရည်အချင်း - သိပ္ပံတွဲ(ရူပဗေဒ)
  အုတ်ဖိုမြို့နယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးငွေးလွင် (ဘ) ဦးပန်းလှိုင် — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Myanmar)
  ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဒေါ်ပပဟန် (ဘ) ဦးကျော်ဟန် — အဖွဲ့ဝင်
  ပညာအရည်အချင်း - တတိယနှစ် (ရူပဗေဒ)

ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးအေးဝင်း (ဘ) ဦးလှရှိန် အဖွဲ့ဝင်
ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့(မြန်မာစာ)
မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသန်းထိုက်အောင် (ဘ) ဦးအေးလွင် အဖွဲ့ဝင်
ပညာအရည်အချင်း - B.Devs (ဖွံ့ဖြိုးမှုပညာဘွဲ့)
ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးမိုးမခ (ဘ) ဦးမြတ်သူ အဖွဲ့ဝင်
ပညာအရည်အချင်း - တတိယနှစ် (မြန်မာစာ)
တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဗိုလ်မှူးရဲမောင် (ဘ) ဦးလှဝေ အဖွဲ့ဝင်
ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့(ပထဝီ)
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးသိန်းခိုင်မြင့် (ဘ) ဦးခင်မောင်ကြည် အဖွဲ့ဝင်
ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့(သမိုင်း)
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေးနံနက်ပိုင်းကို (၁၀း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ (၁၁)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့ စတုတ္ထနေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်များအပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်ဇင်မိုးထိုက် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးလင်းလင်းကျော် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်ကိုမင်း ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးရဲလင်းနိုင် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမြင့်ဦး အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဇော်လင်းထိုက်

သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်ဇေယျ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမျိုးကြည် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသက်စိန် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်လွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေပြုရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ (၉)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့ စတုတ္ထနေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတင်ပြချက်များအပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးစောသူရအောင် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးငွေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်ပပဟန် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအေးဝင်း မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသန်းထိုက်အောင် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမိုးမခ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲမောင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၆ခုနှစ်၊ မတ်လ(၁၁)ရက် (သောကြာနေ့) နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

ပဥ္စမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မတ်လ ၁၁ ရက် ]**

**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၃ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၆. ၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ကျောက်ကြီးမြို့နယ် ဥပဒေရုံးဖွင့်ပွဲ တက်ရောက်နေပါသဖြင့် (၁၁-၃-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးဇေယျာဦး[တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်သည် အရေးကြီးတာဝန်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၁၁-၃-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်း ခံရသည့် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်ပြည်သူ့ငွေစာရင်း ကော်မတီ]**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်သတ်မှတ်ချက်များမှာ-

- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားသူအားစုစည်း၍ လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ကြားသူအဖြစ် ဆောင်ရွက်ရန်၊

- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အကြောင်းမဲ့ ခွင့်မဲ့ပျက်ကွက်ပါက ဥက္ကဋ္ဌထံ တင်ပြ၍ ဥပဒေနှင့်အညီ စိစစ်အရေးယူရေး လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန်၊
- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေ၊ နေ့တွက်စရိတ် ခံစားခွင့်နှင့် ပတ်သက်၍ချို့ယွင်းအားနည်းမှု မရှိစေရေးပံ့ပိုးဆောင်ရွက်ရန်၊
- လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တိုင်ကြားခံရလျှင်သော်လည်းကောင်း၊ တရားစွဲဆို ခံရလျှင်သော်လည်းကောင်း၊ လိုအပ်သလို စိစစ်ပံ့ပိုးဆောင်ရွက်ရန်၊
- ကော်မတီသည် တိုင်းဒေသကြီးအစိုးရ၏ အသုံးစာရင်းနှင့် တိုင်းဒေသကြီး စာရင်းချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် တိုင်းဒေသကြီးလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့်ကိစ္စအတွက်သာလျှင် သုံးစွဲခြင်းရှိ/မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီသုံးစွဲခြင်း ရှိ/မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်းရှိ/မရှိတို့ကို စိစစ်ရမည်။
- တိုင်းဒေသကြီးလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်ညှိနှိုင်း စစ်ဆေးနိုင်သည်။
- အောက်ပါအချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန်တာဝန်ရှိသည်-
    - တိုင်းဒေသကြီးလွှတ်တော်က တိုင်းဒေသကြီးအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ် တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ် ပြောင်း၍သုံးစွဲခြင်း၊
    - ခွင့်ပြုထားသည့်သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိခြင်း၊
    - သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်း အားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊
    - တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပေးရန်ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ၊
- တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။
- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်း များနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း စိစစ်ရမည်။
- ကော်မတီကစိစစ်ပေးရန်လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-
    - တိုင်းဒေသကြီးလွှတ်တော်၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်

ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု တိုင်းဒေသကြီးလွှတ်တော်ကဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။
- သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

- တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။
- ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။
- ကော်မတီသည်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အပေါ် မူတည်၍လုံခြုံမှု အဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်ရမည်။
- ကော်မတီ၏ အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုလည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ပိုင်ခွင့်များ**

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည်တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။
- အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်။ ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။
- ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးပါမည်။ သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောထား ကွဲလွဲချက်များရှိပါက ထိုခြွင်းချက်သို့မဟုတ်သဘောထား ကွဲလွဲချက်များကိုရေးသားဖော်ပြ၍ အစီရင်ခံစာတွင် ပူးတွဲ ဖော်ပြနိုင်သည်။

- အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့်နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်သည်။ သို့ရာတွင်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။
- အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းရမည်။
- ကော်မတီသည် ငွေစာရင်းဆိုင်ရာစစ်ဆေးရေးနှင့်စပ်လျဉ်း၍-
    - နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
    - ပြည်သူများနှင့်သက်ဆိုင်ရာကျွမ်းကျင်သူများ၏ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
    - ပြင်ဆင်ရန်အကြံပြုချက်များကိုတိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
- ကော်မတီ၏ တင်ပြချက်၊ အကြံပြုချက်များသည် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။
- ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ စစ်ဆေးပြီးနောက်-
    - ကော်မတီ၏ဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။
    - အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီ၏ ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
    - ကော်မတီ၏ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ၏ဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ၏ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း လက်မှတ်ရေးထိုးတင်ပြနိုင်သည်။
    - တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် အစီရင်ခံစာကို ကော်မတီသို့လွှဲအပ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီရင်ခံစာကိုတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
    - ကော်မတီ၏ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ၏ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှောက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥဒေပုဒ်မ ၁၆၇ (က)(ခ)(ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဥက္ကဋ္ဌ
  ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးမြင့်ဦး အတွင်းရေးမှူး
  အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဒေါ်မူမူခင် အဖွဲ့ဝင်
  သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးဝင်းနိုင် အဖွဲ့ဝင်
  ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဝင်းမြင့် အဖွဲ့ဝင်
  ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးအောင်အောင် အဖွဲ့ဝင်
  မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးဝင်းကို အဖွဲ့ဝင်
  မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးစည်သူလွင် အဖွဲ့ဝင်
  ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဒေါ်ပပဟန် အဖွဲ့ဝင်
  ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဗိုလ်မှူးသိန်းလွင်ဦး အဖွဲ့ဝင်
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးကျော်ဝင်းထွန်း အဖွဲ့ဝင်
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးခိုင်[ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ]**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားများနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင်စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌ မှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအားဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များ**

စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။
- ကော်မတီကအစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-
    - ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးက သော်လည်းကောင်း၊ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

- ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
- အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့် နေ့တစ်နေ့ တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကိုဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။
- အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊
- အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင်ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။
- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥဒေပုဒ်မ ၁၆၇ (က)(ခ)(ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးမျိုးခိုင် — ဥက္ကဋ္ဌ
  ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဝင်းကို — အတွင်းရေးမှူး
  မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဒေါ်ရီရီထိုက် — အဖွဲ့ဝင်
  ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးညွန့်ဝေ — အဖွဲ့ဝင်
  ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးမျိုးအောင် — အဖွဲ့ဝင်
  လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအောင်ဇော်နိုင် — အဖွဲ့ဝင်
  မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးသက်မင်းဇော် — အဖွဲ့ဝင်
  ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးအေးဝင်း — အဖွဲ့ဝင်
  မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးရဲလင်းနိုင် — အဖွဲ့ဝင်
  ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသူရဇော် — အဖွဲ့ဝင်
  ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးကျော်ကျော်နိုင် — အဖွဲ့ဝင်
  နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးဝင်းမြင့် အဖွဲ့ဝင်
  ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသက်ဝင်းလှိုင် အဖွဲ့ဝင်
  ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဗိုလ်မှူးအောင်ကျော်မိုး အဖွဲ့ဝင်
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးဖြိုးမင်းသန့် အဖွဲ့ဝင်
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နံနက်ပိုင်းကို (၁၀း၃၅)နာရီအချိန်တွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ (၁၁)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့ ပဉ္စမနေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်များအပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်မူမူခင်၊ သာယာဝတီ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဝင်းကို၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်ပပဟန်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဗိုလ်မှူးသိန်းလွင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်မှူးကျော်ဝင်းထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ (၁၅)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့ ပဉ္စမနေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတင်ပြချက်များအပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းကို၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမျိုးအောင် ၊လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအောင်ဇော်နိုင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဗိုလ်မှူးအောင်ကျော်မိုး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်မှူးဖြိုးမင်းသန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် ပြန်လည်ကျင်းပမည့် ဆဋ္ဌမနေ့ အစည်းအဝေးရက်အား

ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မတ်လ ၂၈ ရက် ]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၄ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၉၇. ၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဝန်ကြီးချုပ်တာဝန်ဆောင်ရွက်ရန် ရှိပါသဖြင့်(၂၈-၃-၂၀၁၆)ရက်မှ (၂၉-၃-၂၀၁၆) ရက်နေ့ထိ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းတို့(၂)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးဇေယျာဦး[တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၈-၃-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းကို တင်ပြခြင်း

**ဝန်ကြီးချုပ်**။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)နှင့်အညီ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြမည်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက ဝန်ကြီးချုပ်အဖြစ် ဦးဝင်းသိန်း၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ကို အဆိုပြုကြောင်း တင်ပြ အပ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နံနက်ပိုင်းကို (၁၀း၁၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏

အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးသို့ တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးဝင်းသိန်းအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏ အဆိုပြုချက်အား ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ (က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဝန်ကြီးချုပ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

- အသက် ၃၅ နှစ် ပြည့်ပြီးသူ။
- အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ

  ပုဒ်မ ၁၂၀အရ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

  - အသက် ၂၅နှစ် ပြည့်ပြီးသူ။
  - နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ။
  - ပြည်သူလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် ခြေချနေထိုင်ခဲ့သူ။
  - ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်း ပြည့်စုံသူ။
- ပုဒ်မ ၁၂၁တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်နှင့်လည်း ငြိစွန်းခြင်းမရှိသူ။

  ပုဒ်မ ၁၂၁ အရ အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ-

  - ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ။

- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေမည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ။
- စိတ်ပေ့ါသွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ။
- လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေငြာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ။
- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ။
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံအစိုးရဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ။
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေငြာချက် ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ။
- သာသနာ့ဝန်ထမ်း။
- နိုင်ငံ့ဝန်ထမ်း၊
- နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်။ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့်ကာလကုန်ဆုံးခြင်းမရှိသေးသူ။

နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ ပါ ပြဋ္ဌာန်းချက်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် အမည်စာရင်းတင်သွင်းစဉ်ကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်ပြီး အရည်အချင်းပြည့်စုံမှသာ ယနေ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းဖြစ်ပါသည်။ ကျန်ဥပဒေပါ အချက်များကိုလည်း စိစစ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ၊ အဆိုပြုသည့် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးဝင်းသိန်းသည် ဥပဒေကြောင်းအရ တိုင်းဒေသကြီး ဝန်ကြီးချုပ် အရည်အချင်းများနှင့် ပြည့်စုံပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။

**ဦးမျိုးခိုင်[ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးသို့ တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသော ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းအား ဝန်ကြီးချုပ်အရည်အချင်းများနှင့် ပြည့်စုံပါကြောင်း ထောက်ခံဆွေးနွေးပါမည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် အဆိုပြုခံထားရသူ၏ ပညာသင်ကြားခဲ့သည့် ဖြစ်စဉ်အကျဉ်းချုပ်ကို တင်ပြရလျှင် B.E(Mech), A.GT.I(Machine Tools)၊ ဘွဲ့ရရှိထားသူတစ်ဦးဖြစ်ပြီး ၁၉၆၉-၁၉၇၁ ဘ/က စိုင်တမော့၊ ၁၉၇၂-၇၄ အ. မ. က (နန်ချွန်)၊ ၁၉၇၅-၇၆ အ. လ. က (ရွှေကြက်ယက်)၊ ၁၉၇၆-၈၀ အ. ထ. က (သန်လျင်)၊ 1980 Government Techanical Institute (Insein)၊ 1985-93 Yangon Institute Of Technology (Insein)၊ 1999-2000 British Council (Singapore)၊ 2006-2007 Nanyang Technological University (Singapore)၊ လုပ်ကိုင်ခဲ့ဖူးသည့် အလုပ်အကိုင်၊ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည့် နေရာဌာနများကို ဖော်ပြရလျှင်၁၉၈၄-၁၉၈၅ Machinist (အင်းစိန် ဂျီတီအိုင် သ/မ)၊ ၁၉၈၅-၁၉၈၆ အထက်တန်းပြဆရာ သပြေကန်တွဲဘက်-အ. ထ. က(သန်လျင်)၊ ၁၉၉၀-၁၉၉၁ Load Master(Lloyd Helicopters Ltd,) မြန်မာ့ရေနံ၊ ၁၉၉၅-၁၉၉၆ Third Engineer(Singapore)၊ ၁၉၉၈-၂၀၀၃ Technical Specialist (PSA Corporation Singapore)၊ ၂၀၀၃-၂၀၀၅ Charge Hand(Keppel Shipyard)(Singapore)၊ ၂၀၀၆-၂၀၀၇ Hydraulic Engineer (IMES Singapore)၊ ၂၀၀၈-၂၀၀၉ Sales Engineer (Chesterton-Singapore)၊ ၂၀၁၀-၂၀၁၁ Transport Business Owner(Singapore)၊ ၂၀၁၂-၂၀၁၅ မိဘပိုင်လယ်ယာများကို ကြီးကြပ်ခြင်းနှင့် NLD ပါတီနိုင်ငံရေး တွဲဘက်အတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ပါကြောင်း၊ ထမ်းဆောင်ခဲ့ဖူးသည့် နိုင်ငံရေး/လူမှုရေး လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရလျှင် ၁၉၇၈-၁၉၈၀ မြို့နယ်ကြက်ခြေနီအသင်း၊ သန်လျင်၊ လမ်းစဉ်လူငယ်အတွင်းရေးမှူး၊

၁၉၈၀-၈၁ စလင်းမြို့နယ် စာတတ်မြောက်ရေး၊ ၁၉၈၁-၈၂ အင်ပူမြို့နယ် စာတတ်မြောက်ရေး၊ ၂၀၀၃ ရေဘေးကယ်ဆယ်ရေး ရေတာရှည်၊ ၂၀၁၃-၂၀၁၅ ဖိုးကံကောင်း (မျက်မမြင်ကလေး) ကူညီရေး တာဝန်ယူဆောင်ရွက်၍ ယခု ၂၀၁၂မှ ၂၀၁၆အထိ ရေတာရှည်မြို့နယ် အလုပ်အမှုဆောင်အဖွဲ့၏ တွဲဘက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါတယ်။

သို့ပါသောကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပဲခူးတိုင်းဒေသကြီး၏ ဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသော ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းမှာ ပဲခူးတိုင်းဒေသကြီးရှိ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို အောင်မြင်စွာတာဝန်ယူထမ်းဆောင်နိုင်သူဖြစ်ကြောင်း လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ထပ်မံဆွေးနွေးရန်ရှိပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပေးနိုင်ရန် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ချက်ရယူဆောင်ရွက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)အား သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)အား အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ခုနှစ် မတ်လ (၂၉)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

သတ္တမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မတ်လ ၃၀ ရက် ]**

**(ဗုဒ္ဓဟူးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၅ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၈. ၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇေယျာဦး၊ [တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၃၀. ၃. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)

အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဥက္ကဋ္ဌ၊ ကတိကဝတ်အာမခံချက်ကော်မတီ]။** ။

**ကတိကဝတ် အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

- ကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ကတင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားသော မေးခွန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။
- ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်-
    - တိုင်းဒေသကြီးအစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များကို မည်သည့်အခြေအနေအထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးကြောင်း၊
    - အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို တိုင်းဒေသကြီးအစိုးရက

ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးခြင်းရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ/မရှိ၊

- အထက်အပိုဒ်ခွဲ (က)ပါ ကိစ္စရပ်များနှင့် ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာ၊ ဒေသများသို့ သွားရောက်ညှိနှိုင်း စစ်ဆေးနိုင်သည်။
- သာမန်အားဖြင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင်-
    - ကော်မတီတွင်အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊
    - ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိသည်။
    - သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီ၏ အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုလည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းနှင့် အတူပူးတွဲ၍အမှုတွဲအဖြစ် တပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကတိကဝတ် အာမခံချက်များစိစစ်ရေးကော်မတီ၏လုပ်ပိုင်ခွင့်များ

ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ကော်မတီ၏ အစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီကျင်းပရမည်။
- ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်သို့ မေးမြန်းခဲ့သည့် အဆို/မေးခွန်းများနှင့် ပတ်သက်၍ ကတိကဝတ်အာမခံချက်များအဖြစ် သတ်မှတ်မှုကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် မှတ်တမ်းတင်ထားရှိရမည်။
- ကော်မတီကအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။
- ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင် ခြွင်းချက်သို့မဟုတ် သဘောထားကွဲလွဲများရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထား ကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

- အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးက သော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကိုရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ပြင်ဆင် ချက်များ မပြုလုပ်ရ။
- အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော် လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆို တင်သွင်းရမည်။
- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ် များရရှိသည့်စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က) (ခ) (ဂ)အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဒေါက်တာစောညိုဝင်း (ဘ) ဦးကျော်ဝင်း — ဥက္ကဋ္ဌ
  ပညာအရည်အချင်း - B.D.S (YGN), F.I.C.CD.E,F.I.CD.(USA)
  သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသူရဇော်(ဘ) ဦးခင်ဇော် — အတွင်းရေးမှူး
  ပညာအရည်အချင်း - (၁၀)တန်း
  ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအောင်နိုင်ဦး (ဘ) ဦးခင်မောင် — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Chemistry) Q
  ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးစည်သူလွင် (ဘ) ဦးငွေးလွင် — အဖွဲ့ဝင်
  ပညာအရည်အချင်း - ဒုတိယနှစ် (စီးပွားရေး)
  ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးထူးခိုင် (ဘ) ဦးသောင်းကြည် — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Geography)
  ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးသက်မင်းဇော် (ဘ) ဦးသိန်းလွင် — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Botany)
  ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးမျိုးအောင် (ဘ) ဦးညွန့်အေး — အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ဘူမိဗေဒ), Soil Testing and Survey
  လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးခင်မောင်ဝင်း (ဘ) ဦးကျောက်ခဲ အဖွဲ့ဝင်
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (ပထဝီ)
  ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးဇော်လင်းထိုက် (ဘ) ဦးကျော်ငွေး အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (English), A.G.T.I (Electronics)
  သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဇော်မင်းဦး (ခ) ဦးတင်ဆန်းဦး(ဘ) ဦးတင်ညွန့် အဖွဲ့ဝင်
  ပညာအရည်အချင်း - စတုတ္ထနှစ် (သတ္တဗေဒ)
  ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးထွန်းထွန်းဦး (ဘ) ဦးအောင်သန်း အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Chemistry)
  ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဗိုလ်မှူးတင်မျိုးနောင် (ဘ) ဦးဖိုးဝင်း အဖွဲ့ဝင်
  ပညာအရည်အချင်း - အင်ဂျင်နီယာဘွဲ့ (ဓာတု)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်ကြီးနိုင်အောင်ခင် (ဘ) ဦးရွှေဟန် အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (သင်္ချာ)၊ (စစ်တက္ကသိုလ်)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ(၁၃)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကတိကဝတ် အာမခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဒေါက်တာစောညိုဝင်း သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသူရဇော် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစည်သူလွင် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးထူးခိုင် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသက်မင်းဇော် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမျိုးအောင် လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခင်မောင်ဝင်း ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဇော်လင်းထိုက် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးထွန်းထွန်းဦး ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး(အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ (၁၀း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ခုနှစ် မတ်လ (၃၁) ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

အဌမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မတ်လ ၃၁ ရက် ]**

**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၇. ၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးသည် ကျန်းမာရေးမကောင်းပါသဖြင့် လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်လည်းကောင်း (၃၁. ၃. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ဦးဝင်းသိန်း၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန်အတွက် ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဥက္ကဋ္ဌရှေ့မှောက်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးပါ့မယ်။
(အားလုံးပြိုင်တူ မတ်တပ်ရပ်ပေးပါရန်။)

## [ နည်းဥပဒေ ၂၈ ]

" တိုင်းဒေသကြီးလွှတ်တော် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ် ဦးဝင်းသိန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။ "
(အခမ်းအနားမှူးမှ ကတိသစ္စာပြုလွှာပေါ်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဥက္ကဋ္ဌ၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။

**စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး ဆောင်ရွက်ရာတွင်ကူညီ ဆောင်ရွက်ပေးရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်၊
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှအခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်၊

- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ**

စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီ အစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်း ချက်များနှင့် အညီကျင်းပရမည်။
- ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-
    - ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော် လည်းကောင်း၊ကော်မတီ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးက သော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။
    - ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါကထိုခြွင်းချက် သို့မဟုတ်သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
    - အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌသတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူး ကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။
    - အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ် ခွင့်မရှိ၊
    - အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊

အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

- ကော်မတီဝင်များသည်ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်း အဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်း ခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က) (ခ) (ဂ)အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကာ်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးမောင်မောင်လွင် (ဘ) ဦးကျော်လှိုင် ဥက္ကဋ္ဌ
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (မြန်မာစာ)
  သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးသက်စိန် (ဘ) ဦးချစ်စိန် အတွင်းရေးမှူး
  ပညာအရည်အချင်း - B.Sc (Physics)
  ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးမိုးမခ (ဘ) ဦးမြတ်သူ အဖွဲ့ဝင်
  ပညာအရည်အချင်း - တတိယနှစ် (မြန်မာစာ)
  တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးမျိုးမြင့်အောင်(ဘ) ဦးဘညို အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Psychology)
  သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအေးမင်းဝင်း (ဘ) ဦးဝင်းကြည် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.E (Mechanical)
  တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးကျော်ဇေယျ (ဘ) ဦးဇေယျ အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Geology)
  ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးညွန့်ရွှေ (ဘ) ဦးစိန်ဖေ အဖွဲ့ဝင်
  ပညာအရည်အချင်း - V.A.C (တိရိစ္ဆာန်ဆေးကုသိပ္ပံ)
  ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးအောင်ဇော်နိုင် (ဘ) ဦးမောင်မောင် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Agr.Sc (Q),B.D.M, C.P.A
  မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအောင်ကိုမင်း (ဘ) ဦးထွန်းရီ အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Law)
  ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဗိုလ်မှူးကိုကိုလတ် (ဘ) ဦးဝင်းမြင့် အဖွဲ့ဝင်
  ပညာအရည်အချင်း -ဝိဇ္ဇာဘွဲ့ (စစ်တက္ကသိုလ်)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးဖြိုးဟိန်းကျော် (ဘ) ဦးတင်နွယ် အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ရူပဗေဒ)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ(၁၁)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်လွင် သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသက်စိန် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးမိုးမခ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမျိုးမြင့်အောင် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအောင်ဇော်နိုင် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအောင်ကိုမင်း ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကိုကိုလတ်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဖြိုးဟိန်းကျော်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ (၁၀း၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၁) ရက်

(သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

နဝမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၁ ရက် ]**

**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၃. ၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသောတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]သည် ဝန်ကြီးချုပ်တာဝန်ဆောင်ရွက်ရန် ရှိပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်လည်းကောင်း၊ ကရင်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေးနှင့် ဗိုလ်မှူးရန်နိုင်စန်းတို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁. ၄. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအားခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်း ခံရသည့် ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်[ဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ]**။ ။

**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ငန်းတာဝန် သတ်မှတ်ချက်များ**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည်ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- ပြည်သူတို့၏ ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။
- ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။
- ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။
- ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရေးတွင် ကူညီဆောင်ရွက်ပေးရမည်။
- အချို့ပြည်သူနှင့် သက်ဆိုင်သည့်လူမှုရေးကိစ္စရပ်များ၊ အလုပ်သမားရေးရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည်။
- ပြည်သူများ၏ ကျန်းမာရေးတွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းရန်ရှိပါက လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အရေးများရရှိရေး၊ လုပ်အားခေါင်းပုံဖြတ်ခံရမှု မရှိရေးတို့နှင့် ပတ်သက်ပြီး လေ့လာစိစစ်၍ တွေ့ရှိချက်ကို လွှတ်တော်သို့တင်ပြရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန် သည့် အမိန့်ညွှန်ကြားချက်များသည်လက်ရှိ အခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအားလိုက်နာ ဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်း အဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းသိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ပိုင်ခွင့်များ**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။
- ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-
    - ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။
    - ယင်းသို့တင်ပြရာတွင်ကော်မတီဝင်များသည်လည်းအစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးပါမည်။သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောထား ကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက်သို့မဟုတ် သဘောထားကွဲလွဲချက်များကိုရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
    - အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌသတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။
    - အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။
- ကော်မတီဝင်များသည်ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီ ရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊

နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ ရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က) (ခ) (ဂ)အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဒေါက်တာကျော်ကျော် (ဘ) ဦးကိုကို — ဥက္ကဋ္ဌ
  ပညာအရည်အချင်း - B.D.S (Rgn) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့
  ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဒေါ်မူမူခင်(ဘ) ဦးအုန်းမြင့် — အတွင်းရေးမှူး
  ပညာအရည်အချင်း - B.Ed ပညာရေးတက္ကသိုလ်
  သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဒေါ်လှလှဝင်း (ဘ) ဦးထွန်းအေး — အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Math)
  ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဒေါ်နွယ်နီဝင်း (ဘ) ဦးစိုးဝင်း အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Zoo)
  ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဝင်းနိုင် (ဘ) ဦးမြအောင် အဖွဲ့ဝင်
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (သမိုင်း)
  ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးစောသူရအောင် (ဘ) ဦးအောင်သန်းရွှေ အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ရူပဗေဒ)
  အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအောင်အောင် (ဘ) ဦးတင်ငွေ အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Chemistry)
  မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသက်ဝင်းလှိုင် (ဘ) ဦးစိန်လှိုင် အဖွဲ့ဝင်
  ပညာအရည်အချင်း - A.G.T.I (Electronic & Communication)
  ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးသန်းထိုက်အောင် (ဘ) ဦးအေးလွင် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.DevS (ဖွံ့ဖြိုးမှုပညာဘွဲ့)
  ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးညွန့်ဝေ (ဘ) ဦးမောင်ခွေး အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (History)
  ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးငွေးလွင် (ဘ) ဦးပန်းလှိုင် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.A (Myanmar)
  ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဗိုလ်မှူးဇေယျာဦး(ဘ) ဦးမြင့်သိန်း အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့(သင်္ချာ)၊မဟာအင်ဂျင်နီယာဘွဲ့(နည်းပညာ)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်ကြီးကျော်မင်း (ဘ) ဦးကြည် အဖွဲ့ဝင်
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (ဥပဒေ)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ(၁၃)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဒေါက်တာကျော်ကျော် ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်မူမူခင် သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်လှလှဝင်း ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်နွယ်နီဝင်း ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဝင်းနိုင် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစောသူရအောင် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအောင်အောင် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသန်းထိုက်အောင် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးညွန့်ဝေ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးငွေးလွင် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေယျာဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (န၀မနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒသမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး န၀မနေ့ကို ယနေ့ (၁၀း၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၄) ရက်

(တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

ဒသမနေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၄ ရက် ]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၄ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၉၇. ၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းသည် အရေးကြီး တာဝန် ထမ်းဆောင်ရန် ရှိပါသဖြင့် (၄. ၄. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းတို့(၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂ ဦး

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးနှင့် ဝန်ကြီးဌာန အမည်စာရင်းအား တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) (၂) (၄)တို့အရ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာန အရေအတွက်၊ အမည်စာရင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးဦးရေတို့ကို သတ်မှတ်နိုင်ရေးအတွက် အဆိုပြုချက်အား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပေးပါရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဖိတ်ခေါ်အပ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဝန်ကြီးချုပ်ဦးစီး၍ ဝန်ကြီးဌာန(၇)ဌာနဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားအဆိုပြု တင်ပြလိုသော ဝန်ကြီးဌာနများများမှာ-

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(၃) စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(၄) သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၅) စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၆) စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
(၇) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တို့ဖြစ်ပါတယ်။

အဆိုပါဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်ရန် ဝန်ကြီးအမည်စာရင်းကို ထပ်မံအဆိုပြုတင်ပြပါတယ်။

| စဉ် | ဝန်ကြီးဌာနအမည် | ဝန်ကြီးအမည် | မဲဆန္ဒနယ် |
|---|---|---|---|
| ၁ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၂ | ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားကိုယ်စားလှယ် |
| ၃ | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| ၄ | သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| ၅ | စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန | စိစစ်ရွေးချယ်ဆဲဖြစ်ပါသည် | |
| ၆ | စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) နံနက်ပိုင်းကို (၁၀း၁၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့)ကို နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးနှင့် ဝန်ကြီးဌာနအမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးနှင့် ဝန်ကြီးဌာန အမည်စာရင်း တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ ပေးပို့အဆိုပြုတင်ပြထားတဲ့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးဌာနများရဲ့ အရေအတွက်၊ အမည်နှင့် ဝန်ကြီးဦးရေတို့အပေါ် ထောက်ခံတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲကြေညာစာတမ်းပါ နိုင်ငံတော်အသုံးစရိတ် သက်သာ နိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝ၍ ကျစ်လစ်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရန်အတွက် ဝန်ကြီးဌာနများကို

လျှော့ချသွားမည်ဟု ပြည်သူသို့ အသိပေး ရွေးကောက်ပွဲဝင်ခဲ့သည်နှင့်အညီ ယခုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ အဆိုပြုချက်အပေါ် ကြိုဆိုထောက်ခံကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်ခင်ဗျား။

- ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၂၄၈(ဂ)အရ

နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သဘောတူညီချက်ဖြင့်-

- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်။
- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းပြုနိုင်သည်။

- ပုဒ်မ ၂၆၂ (က) (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသင့်လျော်သော ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ယခင်ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဝန်ကြီးဌာန(၉)ခုနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့ဖြင့် ဖွဲ့စည်းခဲ့သော်လည်း ယခုတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဝန်ကြီးဌာန (၆)ခုနှင့် ကရင်တိုင်းရင်းသားဝန်ကြီးတို့ဖြင့် ဖွဲ့စည်းရန် အဆိုပြုထားခဲ့ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနများ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း တွေ့ရှိရပါတယ်။
- ဖွဲ့စည်းခဲ့ပြီးသော ပြည်ထောင်စုအစိုးရကို ပြန်လည်သုံးသပ်တဲ့ အခါမှာလည်း ဝန်ကြီးဌာန(၃၆)ခုနှင့် ဖောင်းပွနေခဲ့သော အစိုးရအဟောင်းကို ဝန်ကြီးဌာန (၂၁)ခုဖြင့် ကျစ်လစ်စွာပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုကသာ သီးခြားဆောင်ရွက်ရသော ဝန်ကြီးဌာနများ ဥပမာ - သမ္မတရုံးဝန်ကြီးဌာနများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများတို့ကဲ့သို့ ဝန်ကြီးဌာနမျိုးမှလွဲ၍ ပြည်ထောင်စုနှင့် လိုက်လျောညီထွေ ကျစ်လစ်စွာဖွဲ့စည်းထားသော ဝန်ကြီးဌာနများဖြစ်ပါတယ်ခင်ဗျား။
- ယခုကဲ့သို့ ကျစ်လစ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်တဲ့အတွက်ကြောင့် လုပ်ငန်းဆောင်ရွက်မှု ထိရောက်လျင်မြန်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာနိုင်ခြင်းအပြင် မလိုလားအပ်သော ညှိနှိုင်းဆွေးနွေးမှုများ လျော့နည်းသွားမှာဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာလည်း ပိုမိုရှင်းလင်းပြတ်သားသွားမှာဖြစ်ပါတယ်။
- ယခုလို လျှော့ချလိုက်တဲ့ ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာဝန်ကြီးများ အသုံးပြုရမည့် လစာစရိတ်၊ အဆောင်အယောင်တို့အတွက် ကုန်ကျစရိတ်၊ အသုံးစရိတ်တို့ကို လျှော့ချနိုင်ပြီး ပြည်သူအကျိုးရှိစေမယ့် နေရာများတွင် ပွင့်လင်းမြင်သာမှုရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများကို နိဂုံးချုပ်အနေနှင့် တင်ပြလိုတာကတော့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ ပေးပို့အဆိုပြုတင်ပြထားတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနများရဲ့ အရေအတွက်၊ အမည်နှင့် ဝန်ကြီးဦးရေတို့အပေါ် အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]။** ။ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ တင်ပြထားသော အစိုးရအဖွဲ့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်ထားခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

- လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးခင်မောင်ဌေးကို ရွေးချယ်ထားကြောင်း တွေ့ရပါတယ်။ ဗိုလ်မှူးကြီးခင်မောင်ဌေးသည် ပြန်တမ်းဝင်အရာရှိကြီး တစ်ဦးဖြစ်ပြီး ဗမာ/ ဗုဒ္ဓဖြစ်ကာ အသက်(၅၉)နှစ်ရှိသော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပါတယ်။ သိပ္ပံဘွဲ့ (ကုန်ထုတ်ဓါတုဗေဒ) ရရှိထားသူလဲဖြစ်ပါတယ်။ စစ်ဖက်ဆိုင်ရာ ဒေသများနှင့် တပ်ရင်းတပ်ဖွဲ့ အတော်များများတွင် တာဝန်ယူဆောင်ရွက်ခဲ့ဘူးကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် စစ်ရေးစွမ်းရည်သာမက အုပ်ချုပ်ရေးစွမ်းရည်ပါ ပြည့်စုံသူ တစ်ဦးဖြစ်နိုင်ပါတယ်။ သို့ပါ၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ထောက်ခံပါတယ်။
- ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်နော်ပွယ်စေး(ခ)ဒေါ်နော်ပွယ်ဆေးကို ရွေးချယ်ထားကြောင်း တွေ့ရပါတယ်။ ဒေါ်နော်ပွယ်စေးဟာ ကရင်/ဗုဒ္ဓဖြစ်ပြီး အသက်(၄၂)နှစ် ရှိသော၊ ကရင်တိုင်းရင်းသူဖြစ်ပြီး ခြံလုပ်ငန်းလုပ်ကာ B.A(Geographical) ဘွဲ့ရရှိထားသူ ဖြစ်ပါတယ်။ ဒေါ်နော်ပွယ်စေးသည် ရွေးကောက်ပွဲဝင်စဉ်ကာလကတည်းက ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားမဲဆန္ဒနယ်မှ အနိုင်ရရှိသူဖြစ်ပြီး ဌာနဆိုင်ရာအတွေ့အကြုံ၊ လူမှုရေး လုပ်ငန်းအတွေ့အကြုံ၊ စီးပွားရေးလုပ်ငန်းအတွေ့အကြုံ အများကြီးရှိခဲ့ဘူးသူဖြစ်ကြောင်း တွေ့ရပါတယ်။ သို့ပါ၍ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ရွေးချယ်ထားခြင်းကို ထောက်ခံပါတယ်။
- စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်ဇော်နိုင်ကို ရွေးချယ်ထားကြောင်း တွေ့ရပါတယ်။ ဦးအောင်ဇော်နိုင်သည် ဗမာ/ဗုဒ္ဓ ဖြစ်ပြီး အသက် (၄၀)နှစ်ဖြစ်၍ B.Agr.Sc(Q), BDM, EPA ဘွဲ့ရရှိထားသူဖြစ်ပါတယ်။ မင်းလှမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံ၊ အုပ်ချုပ်ရေးလုပ်ငန်း အတွေ့အကြုံ၊ ဝန်ထမ်းလုပ်ငန်းအတွေ့အကြုံများအပြင် လူမှုရေးနှင့်နိုင်ငံရေးအတွေ့အကြုံများစွာဖြင့် ပြည့်စုံသူဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်သတ်မှတ်ခြင်းကို ထောက်ခံပါတယ်။

- သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းစံကို ရွေးချယ်ထားကြောင်း တွေ့ရှိရပါတယ်။ ဦးကျော်မင်းစံသည် ဗမာ/ဗုဒ္ဓဖြစ်ပြီး အသက် (၃၈)နှစ်ဖြစ်ကာ L.L.B,L.L.M(HKU) Dip: in English(USA)ဘွဲ့ကို ရရှိထားသူဖြစ်ပြီး တရားလွှတ်တော်ရှေ့နေနှင့် ဉပဒေအကြံပေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါတယ်။ ပဲခူးမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ပညာရေးနှင့်နိုင်ငံရေးတာဝန်များကို ကြိုးစားဆောင်ရွက်သူတစ်ဦးဖြစ်ပြီး တိုင်းဒေသကြီး အစိုးရတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်မည့်သူတစ်ဦးလို့ ရှုမြင်ရပါတယ်။ ဒါ့ကြောင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်ခြင်းကို ထောက်ခံပါတယ်။
- စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမောင်မောင်လွင်ကို ရွေးချယ်ထားပါတယ်။ ဦးမောင်မောင်လွင်သည် ဗမာ/ဗုဒ္ဓဖြစ်ပြီး အသက်(၅၄)နှစ်ရှိကာ B.A မြန်မာစာဘွဲ့ကို ရရှိပြီး ဆန်စက်နှင့်ပွဲရုံလုပ်ငန်း လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ သာယာဝတီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဆန်စက်နှင့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါတယ်။ နိုင်ငံရေးတာဝန်ကို ကျေပွန်စွာဆောင်ရွက်သူတစ်ဦးအဖြစ်လည်း တွေ့ရှိရပါတယ်။ တိုင်းဒေသကြီးအစိုးရတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မည့်သူတစ်ဦးအဖြစ် ရှုမြင်သုံးသပ်ရပါတယ်။ သို့ပါ၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်ခြင်းကို ထောက်ခံပါတယ်။
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးညွန့်ရွှေကို ရွေးချယ်ထားကြောင်း တွေ့ရှိရပါတယ်။ ဦးညွန့်ရွှေသည် ဗမာ/ဗုဒ္ဓဖြစ်ပြီး အသက်(၆၇)နှစ်ရှိကာ B.A(ECO), D.A(I)ဘွဲ့ရရှိထားသူဖြစ်ပါတယ်။ တိုင်းရင်းဆေးကု/ရောင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါတယ်။ ကဝမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဌာနဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ၊ လူမှုရေးနှင့် ဘာသာရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ကြောင်းနှင့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရတာဝန်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်သူတစ်ဦးအဖြစ် သုံးသပ်ပါတယ်။ သို့ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်ခြင်းကို ထောက်ခံပါတယ်။

ယခုဖတ်ကြားထောက်ခံတင်သွင်းသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို ရွေးချယ်တင်မြှောက်ထားခြင်းနှင့်ပတ်သက်ပြီး အရွေးချယ်ခံပုဂ္ဂိုလ်များသည် နိုင်ငံတာဝန်၊ တိုင်းဒေသကြီး အစိုးရတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြမည့်သူများအဖြစ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့မှ ရှုမြင်သုံးသပ်မိပါသည်။

သို့ပါ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝန်ကြီးများ ရွေးချယ်ထားခြင်းအား တိုင်းဒေသကြီးလွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ကိုယ်စား ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအစီရင်ခံအပ်ပါတယ်။

**ဦးသူရဇော်[ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]။** ။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားသော ဝန်ကြီးများအား ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း အပိုဒ် ၂၆၂ (က)တွင် ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်-

- သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များ ရွေးချယ်ရမည် ဆိုသည့် အပိုဒ်ပါရှိပါသည်။ အဆိုပါ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-
    - အသက် ၃၅နှစ်ပြည့်ပြီးသူ၊
    - အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဟု ပါရှိပါသည်။
- အဆိုပါ ပုဒ်မ ၁၂၀ တွင် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသည်-
    - အသက် ၂၅နှစ်ပြည့်ပြီးသူ၊
    - နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊
    - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေကျနေထိုင်ခဲ့သူ၊

      ခြွင်းချက်။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။
    - ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဆိုသည့် အချက်များနှင့်လည်း ကိုက်ညီပါသည်။
- ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူဆိုတာ ပါရှိပါသည်။ အဆိုပါ ပုဒ်မ ၁၂၁ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ၊
    - ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ၊

- ဖွဲ့စည်းပုံခြေခံဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊
- စိတ်ပေ့ါသွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊
- သာသနာ့ဝန်ထမ်း
- နိုင်ငံ့ဝန်ထမ်း
- နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာတရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ၊

- နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူနှင့် ညီညွတ်မှုရှိပါသည်။
- ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) အပိုဒ် (၂) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်ဟု ပါရှိပါသည်။ အဆိုပါ တပ်မတော်သား ဗိုလ်မှူးကြီးခင်မောင်ဌေး ကိုလည်း ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားပြီးဖြစ်ပါသည်။
- အပိုဒ်(၄) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံမှ ရယူရပါမည်။ အဆိုပါ တိုင်းရင်းသားရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲမှ အနိုင်ရရှိထားသော ဒေါ်နော်ပွယ်စေးအား ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားသော ဝန်ကြီးများသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဒ်မ ၂၆၂(က)၊ ပုဒ်မ ၂၆၁ (က)၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ဥပဒေအချက်များနှင့် ညီညွတ်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။

**ဦးမြင့်ဦး[အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]။** ။ လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အမည်စာရင်းအား တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအမည်စာရင်းတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးစိုးသိန်းအား အမည်စာရင်း တင်ပြခဲ့ပါကြောင်း၊ ၎င်းသည် ပါတီဝင်အမှတ် ၇၂၃၅၁၃၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာ ကိုးကွယ်သူတစ်ဦးဖြစ်သည့်အပြင် LL.B (ဥပဒေဘွဲ့) ရရှိခဲ့ပြီး တာဝန်ထမ်းဆောင်မှုအနေဖြင့် ဒုတိယ ညွှန်ကြားရေးမှူး (အငြိမ်းစား)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းပညာသင်ကြားခဲ့သော စာသင်ကျောင်းများမှာ မူလတန်းအား မင်းလှမြို့၊ မြောက်ဘက်တန်း အ.မ.က အခြေခံပညာ မူလတန်းကျောင်းတွင် သင်ကြားခဲ့ပြီး အလယ်တန်းအဆင့်အား ပြည်မြို့ ကံပေါ်ရိပ်သာ အလယ်တန်းကျောင်းနှင့် ပေါက်ခေါင်း အ.ထ.က တို့တွင် ပညာသင်ကြားခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ တက္ကသိုလ်ပညာအား ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် စာပေးစာယူဌာန (၁၉၇၅မှ၁၉၈၀)အထိ တက်ရောက်၍ ဥပဒေဘွဲ့ ရရှိခဲ့ပါကြောင်း၊ ထို့နောက် ဝန်ထမ်းအဖြစ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် တက်ရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် သင်တန်းများအနေဖြင့် (TIC) (Tokyo-JICA) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးရေး သင်တန်းသို့ တက်ရောက်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် အမည်စာရင်း တင်သွင်းခြင်းခံရသော ဥပဒေချုပ် ဦးစိုးသိန်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်သည့်အပြင် ပေးအပ်သော တာဝန်နှင့် သင့်လျော်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အမည်စာရင်းတင်သွင်းထားသည့် ဒေါ်မြင့်မြင့်ကြည်နှင့်ပတ်သက်၍ ဆွေးနွေးမှာဖြစ်ပါကြောင်း၊ ဒေါ်မြင့်မြင့်ကြည်သည် မြန်မာလူမျိုးဗုဒ္ဓဘာသာတစ်ဦးဖြစ်ပြီး အသက်အားဖြင့် ၆၂ နှစ်ရှိပြီး ပဲခူးမြို့တွင် နေထိုင်ပါကြောင်း၊ ပညာသင်ကြားခဲ့သော ကျောင်းများမှာ မူလတန်းပညာအား မြို့တွင်းကြီး အ. မ. က၊ ပဲခူးမြို့တွင် ပညာသင်ကြားခဲ့ကြောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များကို အ. ထ. က(၁) ပဲခူးမြို့တွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.Com(AA).H.G.P ဖြင့် ဘွဲ့ရရှိခဲ့ပါကြောင်း၊ ဒေါ်မြင့်မြင့်ကြည်သည် ၁၉၇၇ခုနှစ်မှစတင်၍ စာရင်းစစ်ရုံးတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ပြီး (၃. ၃. ၂၀၁၄)တွင် ဒုတိယညွှန်ကြားရေးမှူး အငြိမ်းစားအဖြစ် သက်ပြည့်အငြိမ်းစားယူခဲ့သည်ဟု သိရှိရပါကြောင်း၊ ၎င်း၏ လူမှုရေးဆောင်ရွက်ချက်များမှာ မိခင်နှင့်ကလေးအသင်း၊ အမျိုးသမီးရေးရာအသင်းလုပ်ငန်းများအား မြို့နယ်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒေးစွန်ပါစေတီ၊ ဟင်္သာကုန်းစေတီတော် ဂေါပကအဖွဲ့၏ စာရင်းများအား ကူညီစစ်ဆေးပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်းတင်ပြခဲ့သော ဒေါ်မြင့်မြင့်ကြည်သည် ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ၊ လူမှုရေးလုပ်ငန်းများ ပြည့်ပြည့်ဝဝဆောင်ရွက်ခဲ့မှုများကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကူအညီအထောက်အပံ့ပေးနိုင်သည့်အပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အမည်စာရင်း တင်သွင်းသော ဒေါ်မြင့်မြင့်ကြည်သည် ပေးအပ်သောတာဝန်ကို ထမ်းဆောင်နိုင်မည့် သင့်လျော်သူဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်ကြည်အား တာဝန်ပေးအပ်နိုင်ရန် ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာနအမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာနအမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြထားသည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့နှင့် စပ်လျဉ်း၍

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့၏ ဆွေးနွေးအကြံပြုတင်ပြချက်များအား လှိုက်လှဲ ဝမ်းသာစွာ လက်ခံရရှိပြီးဖြစ်ပါတယ်။ ကျန်ကိုယ်စားလှယ်များမှလည်း နားလည်သဘောတူလက်ခံကြသည်ဟု ပေါ်ပေါက်ပါတယ်။ သို့အတွက် အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက တစ်ညီတစ်ညွတ်တည်း သဘောတူထောက်ခံကြသဖြင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုထားသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးနှင့် ဝန်ကြီးဌာန အမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ (၁၃း၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၅)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၅ ရက် ]**

**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၄. ၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး၊ [အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၅. ၄. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၏ “ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း ” အဆိုကို တင်သွင်းခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၏ “ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်း နှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း ” အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။အထက်ပါကိစ္စနှင့်ပတ်သက်၍ (၄-၄-၂၀၁၆) ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး(ဒသမနေ့)တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထိုသို့ တင်သွင်းခဲ့သော အစိုးရအဖွဲ့ဝင်စာရင်းကို စိစစ်ခဲ့ရာတွင် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ ကိုယ်ရေးအချက်အလက်များမှာ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အချက်များကို တွေ့ရှိရပါသဖြင့် ကန့်ကွက်ကြောင်းအဆိုကို ဒေါ်ဇင်မိုးထိုက်၊ ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က တင်သွင်းအပ်ပါသည်။

၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေပါ ပုဒ်မ ၅၄အရ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသောသက်သေ အထောက်အထားများနှင့် ပူးတွဲတင်ပြအပ်ပါသည်။ မကိုက်ညီသော အရည်အချင်းသတ်မှတ်ချက်များမှာ-

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မ ၂၆၆(က) ပုဒ်မခွဲ (၄) ပုဒ်မခွဲငယ် (ကက) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ (သို့မဟုတ်) ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ (သို့မဟုတ်) ခရိုင်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ (သို့မဟုတ်) ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်ဟု ဖော်ပြထားသော်လည်း ဥပဒေချုပ်အဖြစ် တင်သွင်းခြင်းခံရသော ဦးစိုးသိန်းမှ ခရိုင်အဆင့်ထက်မနိမ့်သော ရာထူးတွင် (၁. ၁၁. ၁၉၉၉)မှ (၂၈. ၅. ၂၀၀၉) ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ရာတွင်လည်း ကာလသတ်မှတ်ချက်ပြည့်မီရန် (၆)လခန့် လိုအပ်ပါသည်။

တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် တင်သွင်းခြင်းခံရသောသူသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၂၇၁ (က) ပုဒ်မခွဲ ၄ ပုဒ်မခွဲငယ် (ကက)အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စာရင်းစစ် အရာရှိထက် မနိမ့်သောရာထူးတွင် အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) ခရိုင်အဆင့် စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် အနည်းဆုံး(၁၀)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရပါမည်။ ခရိုင်အဆင့် စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် (၂. ၈. ၂၀၀၆)မှ (၂. ၃. ၂၀၁၄)အထိ (၈)နှစ်ခန့် တာဝန် ထမ်းဆောင်ခဲ့ရာ ကာလသတ်မှတ်ချက်ပြည့်မီရန် (၂)နှစ်ခန့် လိုအပ်နေပါသည်။

သို့ဖြစ်၍ (၄. ၄. ၂၀၁၆)ရက်နေ့ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး (ဒသမနေ့)တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တင်သွင်းခဲ့သော ဦးစိုးသိန်း တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဒေါ်မြင့်မြင့်ကြည် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့(၂)ဦးကို ကန့်ကွက်ကြောင်းနှင့် ပြန်လည်စိစစ်ရွေးချယ်ပေးနိုင်ရန် အရေးကြီးအဆို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၏ **“တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးရန် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်လင်းထိုက်[သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကို စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ်တည်ဆောက်နေ၊ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ထံသို့ နိုင်ငံတော် အာဏာအားလုံးကို အပ်နှင်းထားခြင်းမရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာဟု ခွဲဝေကျင့်သုံး၊

ဥပဒေပြုရေးအာဏာကို ပြည်သူရွေးချယ်သော ကိုယ်စားလှယ်များထံအပ်နှင်းထားပြီး လွှတ်တော်အသီးသီးက ပြည်သူ့ကိုယ်စားလှယ်တွေမှာ ဥပဒေပြုရေးမဏ္ဍိုင် မယိမ်းယိုင်အောင် တည့်မတ်ထိန်းကျောင်း ရမယ့်တာဝန်၊ ဥပဒေပြုရေးကိုယ်စားလှယ်များဟာ မိမိတို့ကိုယ်တိုင်လဲ ဥပဒေနဲ့မလျော်ညီသည့် ကိစ္စတွေကို မပြုလုပ်ရန်၊ ပြည်သူယုံကြည်စွာ အပ်နှင်းထားသည့် အာဏာမို့ အတိမ်းအစောင်းမရှိရန်၊ ဥပဒေနှင့်မလျော်ညီသည့် ကိစ္စတွေတိုင်းဆိုပြောနေရန်၊ ဒီနေ့ဒီအချိန်ဟာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုရေးကိစ္စတွေကို ဆောင်ရွက်နေရတာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပြင်ဆင်ရန်လိုအပ်သည်လို့ ပြောကြားထားတယ် ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ တည်ဆဲဥပဒေများနှင့်အညီ ကျွန်တော်တို့လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်မှ တင်သွင်းလာသော တိုင်းဒေသကြီးဝန်ကြီးချုပ်က အမည်စာရင်းပေးပို့လာသည့် ဦးစိုးသိန်း တိုင်းဒေသကြီးဥပဒေချုပ်တာဝန်နှင့် ဒေါ်မြင့်မြင့်ကြည် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့ကို ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရည်အချင်းသတ်မှတ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးသည့်အခါ လိုအပ်ချက် ရှိနေတာ တွေ့ရပါကြောင်း၊ လိုအပ်ချက်ဆိုရာမှာ ပညာရှင်(၂)ဦး၏ ပညာရပ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရား ပိုင်းဆိုင်ရာမှာ အပြစ်ပြောစရာ လိုအပ်ချက်မရှိပါကြောင်း၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) ပုဒ်မခွဲငယ်စိပ် (ကက) နှင့် ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) ပုဒ်မခွဲငယ်စိပ် (ကက)ပါ တာဝန်ထမ်းဆောင်မှု အချိန်ကာလသတ်မှတ်ချက် မှာတော့ သတ်မှတ်ချက်တော့ လိုအပ်ချက်ရှိနေပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် စောင့်ကြည့်သူများအားလုံး၏ မြင်ကွင်းအောက်မှာ ရှိနေပါကြောင်း၊ ဒီမိုကရေစီအစိုးရသည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့သည်ဆိုသည့် မှတ်တမ်းနှင့် ဂုဏ်ယူနိုင်ရန်အတွက် ဒေါ်ဇင်မိုးထိုက်၏ **"တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်း"** အဆိုကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ တင်သွင်းသောအဆိုကို သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက် ဒေါ်ဇင်မိုးထိုက် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၏ **" တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ကြောင်း "** အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး[ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။ **လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည်လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသော ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးကပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်း အဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့

ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

- ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။
- ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-
    - ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။
    - ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။ သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ အစီရင်ခံစာတွင်ပူးတွဲ ဖော်ပြနိုင်သည်။
    - အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သက်မှတ်သည့် နေ့တစ်နေ့ တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ်ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်း ရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကိုဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။
    - အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊
    - အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ်ကော်မတီ ဥက္ကဋ္ဌမရှိလျှင်ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးက သော်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။
- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ ရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်း ခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က) (ခ) (ဂ)အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အဖွဲ့ဝင်(၁၂)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးမောင်မောင်ဦး (ဘ) ဦးကျော်ဝင်း — ဥက္ကဋ္ဌ
  ပညာအရည်အချင်း - B.E Mechanical (PTU)
  နတ်တလင်းမြို့နယ်ဆန္ဒနယ်အမှတ်(၁)
- ဦးအေးမင်းဝင်း (ဘ) ဦးဝင်းကြည် — အတွင်းရေးမှူး
  ပညာအရည်အချင်း - B.E Mechanical
  တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

- ဦးထွန်းထွန်းဦး (ဘ) ဦးအောင်သန်း အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Chemistry)
  ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးအုန်းသွင် (ဘ) ဦးတင်လှ အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Chemistry)
  ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဌေးလွင် (ဘ) ဦးလှတင် အဖွဲ့ဝင်
  ပညာအရည်အချင်း - T.H.S (Automatic Mechanic)
  အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးမျိုးကြည် (ဘ) ဦးဉာဏ်ထွန်း အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ဓါတုဗေဒ)
  ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဒေါ်ရီရီထိုက် (ဘ) ဦးငြိမ်း အဖွဲ့ဝင်
  ပညာအရည်အချင်း - (၁၀)တန်း
  ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးလင်းလင်းကျော် (ဘ)ဦးအေးလှ အဖွဲ့ဝင်
  ပညာအရည်အချင်း - L.L.B (Q)
  ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
- ဦးညီညီထွေး (ဘ) ဦးလှကြည် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Math)
  ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးဇော်နိုင်ဦး (ဘ) ဦးချစ်ခင် အဖွဲ့ဝင်
  ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (ပထဝီ)
  သဲကုန်းမြို့နယ်မဲဆန္ဒနယ်(၁)
- ဗိုလ်မှူးနိုင်ဝင်းဌေး (ဘ) ဦးဌေးမြင့် အဖွဲ့ဝင်
  ပညာအရည်အချင်း - မဟာအင်ဂျင်နီယာဘွဲ့လွန် (မြို့ပြ)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးရန်နိုင်စန်း (ဘ) ဦးစန်းငွေ အဖွဲ့ဝင်
  ပညာအရည်အချင်း - သိပ္ပံဘွဲ့ (ကွန်ပျူတာ)၊ စစ်တက္ကသိုလ်
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌအဖြစ် လျာထားသတ်မှတ်ခြင်းခံရသည့် ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ]**။ **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့်စီမံရေးရာကော်မတီ၏လုပ်ငန်းတာဝန် သတ်မှတ်ချက်များ**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏လုပ်ငန်းတာဝန် သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအချိန်မီ အောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်မှုရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြား စာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ရမည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ

ခံစားခွင့်ရှိသည့် ရပိုင်ခွင့်များနှင့် ပတ်သက်၍ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးကပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းသိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏လုပ်ပိုင်ခွင့်များ**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏ လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

-ကော်မတီကအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-

  - ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော် လည်းကောင်း၊ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။
  - ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များ ရှိပါကထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
  - အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ်ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရမည်။
  - အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊
  - အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင်ကော်မတီ အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးဦးက သော်လည်းကောင်း၊ အစီရင်ခံ စာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

- ကော်မတီဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင်

လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

- လွှတ်တော်ကော်မတီအများဆုံး (၂)ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျှောက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့်**

ကော်မတီ၏ လုပ်ငန်းတာဝန်အရ ဖြစ်စေ၊အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိရာ၌လည်းကောင်း၊ ကော်မတီ၏ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည်။ထို့အပြင် ကော်မတီဝင်အားလုံးသည် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇(က) (ခ) (ဂ)အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)(ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး နှင့် စီမံရေးရာကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

- ဦးကြည်ဇင် (ဘ) ဦးဝင်းရွှေ ဥက္ကဋ္ဌ
  ပညာအရည်အချင်း - L.L.B
  ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဒေါ်လှလှဝင်း (ဘ) ဦးထွန်းအေး — အတွင်းရေးမှူး

ပညာအရည်အချင်း - B.Sc(Maths)

ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဒေါ်နွယ်နီဝင်း (ဘ) ဦးစိုးဝင်း — အဖွဲ့ဝင်

ပညာအရည်အချင်း - B.Sc(Zoo)

ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးညွှန့်ရွှေ (ဘ) ဦးစိန်ဖေ — အဖွဲ့ဝင်

ပညာအရည်အချင်း - V.A.C (တိရိစ္ဆာန်ဆေးကုသိပ္ပံ)

ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

- ဦးထူးခိုင် (ဘ) ဦးသောင်းကြည် — အဖွဲ့ဝင်

ပညာအရည်အချင်း - B.A( Geography)

ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးဇော်နိုင်ဦး (ဘ) ဦးချစ်ခင် — အဖွဲ့ဝင်

ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (ပထဝီ)

သဲကုန်းမြို့နယ်မဲဆန္ဒနယ်(၁)

- ဦးငွေးလွင် (ဘ) ဦးလှတင် — အဖွဲ့ဝင်

ပညာအရည်အချင်း - T.H.S (Automatic Mechanic)

အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးကျော်ကျော်နိုင် (ဘ) ဦးသန်းညွှန့် — အဖွဲ့ဝင်

ပညာအရည်အချင်း - (၉)တန်း

နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)

- ဦးမျိုးမြင့်အောင် (ဘ) ဦးဘညို — အဖွဲ့ဝင်

ပညာအရည်အချင်း - B.A (Psychology)

သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

- ဦးအောင်နိုင်ဦး (ဘ) ဦးခင်မောင် — အဖွဲ့ဝင်

ပညာအရည်အချင်း - B.Sc(Chemistry).Q

ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

- ဦးခင်မောင်ဝင်း (ဘ) ဦးကျောက်ခဲ — အဖွဲ့ဝင်

ပညာအရည်အချင်း - ဝိဇ္ဇာဘွဲ့ (ပထဝီ)

ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

- ဦးအုန်းသွင် (ဘ) ဦးတင်လှ အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc(Chemistry)
  ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဦးညီညီထွေး (ဘ) ဦးလှကြည် အဖွဲ့ဝင်
  ပညာအရည်အချင်း - B.Sc (Maths)
  ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
- ဗိုလ်မှူးမြတ်လှိုင် (ဘ) ဦးကြည် အဖွဲ့ဝင်
  ပညာအရည်အချင်း - အင်ဂျင်နီယာဘွဲ့ (မြို့ပြ)
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
- ဗိုလ်မှူးပြည့်ဖြိုးဇော် (ဘ) ဦးခင်ကြိုင် အဖွဲ့ဝင်
  ပညာအရည်အချင်း - မဟာကွန်ပျူတာသိပ္ပံဘွဲ့
  တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ကို အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ နံနက်ပိုင်းကို (၁၀း၄၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ(၁၂)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့(၁၁)ရက်မြောက်နေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမျိုးကြည်၊

ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဝင်းဋ္ဌေး နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ(၁၅)ဦး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ယနေ့(၁၁)ရက်မြောက်နေ့ နံနက်ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဋ္ဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်လှိုင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ (၁၃း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၆) ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၆ ရက် ]**

**(ဗုဒ္ဓဟူးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၄. ၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်[သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌရှင့်။ ကျွန်မကတော့ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်မူမူခင် ဖြစ်ပါတယ်။ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစည်သူလွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေးသည် အရေးကြီးတာဝန်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် တို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က)နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ ပုဒ်မခွဲ(က)တို့အရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော အောက်ဖော်ပြပါပုဂ္ဂိုလ်(၂)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြပါသည်-

(၁) **ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ်**
ဦးအုန်းမြင့်၊ (အဘ)ဦးအောင်ငြိမ်း၊
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ပခန(နိုင်)၀၇၂၄၀၁

(၂) **ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ်**
ဒေါ်သန်းသန်းဝင်း(ခ)ဒေါ်သန်းဝင်း၊ (အဘ)ဦးချစ်မောင်၊
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ပမန(နိုင်)၁၀၇၀၂၄

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နံနက်ပိုင်းကို ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင် ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အရ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြချက်နှင့်ပတ်သက်၍ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းကျော်[ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာခင်ကျရောက်တော့မည့်နှစ်သစ်မှာ ပြည်သူများ၏ မျှော်လင့်ချက်အသစ်များကို အပြောင်းအလဲအသစ်များနှင့် ဖော်ဆောင်ပေးနိုင်ပါစေလို့ နှစ်သစ်ဆုမွန်ကောင်းတောင်းရင်း ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူး ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော် ဖြစ်ပြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းသော ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် အဆိုပြုခံရသူ ဦးအုန်းမြင့်နှင့် စာရင်းစစ်ချုပ်အဖြစ် အဆိုပြုခံရသူ ဒေါ်သန်းဝင်းတို့အား ခန့်အပ်တာဝန်ပေးနိုင်ရန် ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် အဆိုပြုခံရသူနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြသဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံတင်ပြရမည်-

ပုဒ်မခွဲငယ်(၁) အသက်(၄၀)နှစ်ပြည့်ပြီးသူ၊

ပုဒ်မခွဲငယ်(၂) အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

ပုဒ်မခွဲ(က) အသက်(၂၅)နှစ်ပြည့်ပြီးသူ၊

ပုဒ်မခွဲ(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

ပုဒ်မခွဲ(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ၊

ခြွင်းချက်။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

ပုဒ်မခွဲ(ဃ) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဟု ပါရှိပါသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃)တွင် ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ တွင် အောက်ပါ ပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ-

ပုဒ်မခွဲ(က) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ

ပုဒ်မခွဲ(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း၊ သက်ဆိုင်ရာက သတ်မှတ်သည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ

ပုဒ်မခွဲ(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ

ပုဒ်မခွဲ(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ

ပုဒ်မခွဲ(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ

ပုဒ်မခွဲ(စ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ (သို့မဟုတ်) ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ

ပုဒ်မခွဲ(ဆ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ (သို့မဟုတ်) ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ

ပုဒ်မခွဲ(ဇ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ (သို့မဟုတ်) ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ

ပုဒ်မခွဲ(ဈ) သာသနာ့ဝန်ထမ်း

ပုဒ်မခွဲ(ည) နိုင်ငံ့ဝန်ထမ်း

ခြွင်းချက်။ ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များနှင့်

အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် မသက်ဆိုင်စေရ

ပုဒ်မခွဲ(ဈ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော်နည်းဖြင့်ဖြစ်စေ၊ ရယူသုံးစွဲသူ (သို့မဟုတ်) ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

ခြွင်းချက်။ (၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား၊ လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်းမပါဝင်။

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း၊ နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော (သို့မဟုတ်) နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ပိုင်လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်များ မပါဝင်။

ပုဒ်မခွဲ(ဌ) ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းကြောင့် (သို့မဟုတ်) ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄) အပိုဒ်ခွဲ(ကက)တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ (သို့မဟုတ်) ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ (သို့မဟုတ်) ခရိုင်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ (သို့မဟုတ်) ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

အပိုဒ်ခွဲ(ခခ) တရားလွှတ်တော်ရှေ့နေဖြစ်လျှင် အနည်းဆုံး (၁၅)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ

ပုဒ်မခွဲငယ်(၅) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူဟု ပါရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်း ဒေသကြီး ဥပဒေချုပ်အဖြစ် အဆိုပြုခံရသူ ဦးအုန်းမြင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀/၁၂၁/၂၆၆ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံကြောင်း စိစစ်တွေ့ရှိရပါသည်။ ဆက်လက်ပြီး ဒုတိယအနေဖြင့် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် အဆိုပြုခံရသူနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၁ ပုဒ်မခွဲ(က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အရအသုံးငွေစာရင်းများကို စစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရန် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက်

သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်ပြသဘောတူညီချက်ရယူ၍ နိုင်ငံတော်သမ္မတထံတင်ပြရမည်။

ပုဒ်မခွဲငယ်(၁) အသက်(၄၀)နှစ်ပြည့်ပြီးသူ

ပုဒ်မခွဲငယ်(၂) အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ

ပုဒ်မခွဲငယ်(၃) ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ

ပုဒ်မခွဲငယ်(၄) အပိုဒ်ခွဲ (ကက) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် (၅)နှစ်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) ခရိုင်စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် အနည်းဆုံး (၁၀)နှစ်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) အပိုဒ်ခွဲ(ခခ) မှတ်ပုံတင်စာရင်းကိုင် (သို့မဟုတ်) လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး(၁၅)နှစ် ဆောင်ရွက်ခဲ့သူ၊ ပုဒ်မခွဲငယ် (၅) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဟု ပါရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် အဆိုပြုခံရသူ ဒေါ်သန်းဝင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀/၁၂၁/၂၇၁ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံကြောင်းစိစစ်တွေ့ရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းသော ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် အဆိုပြုခံရသူ ဦးအုန်းမြင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀/၁၂၁/၂၆၆ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသော တိုင်းဒေသကြီး ဥပဒေချုပ် အရည်အချင်းများနှင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် အဆိုပြုခံရသူ ဒေါ်သန်းဝင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀/၁၂၁/၂၇၁ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသော တိုင်းဒေသကြီး စာရင်းစစ်ချုပ် အရည်အချင်းများနှင့်လည်းကောင်း ပြည့်စုံကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးသင့်ကြောင်း ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးကျော်ဇေယျ[ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အမည်စာရင်းတင်သွင်းလာသေ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့အား ထောက်ခံဆွေးနွေးမည့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျဖြစ်ပါကြောင်း၊ ယခုတိုင်းဒေသကြီးအမည်စာရင်း တင်သွင်းလာသော တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့သည် သက်ဆိုင်ရာနယ်ပယ်များတွင် အတွေ့အကြုံရှိသော တတ်သိပညာရှင်များဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် အမည်စာရင်းတင်သွင်းခံရသော ဦးအုန်းမြင့်သည် B.A (Law),LL.B ဘွဲ့ရရှိသူဖြစ်ပြီး တရားလွှတ်တော်ရှေ့နေအဖြစ် နှစ်(၄၀)ကျော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေပညာအား နှံ့စပ်ကျွမ်းကျင်သော အတွေ့အကြုံပြည့်ဝသော ဥပဒေပညာရှင်တစ်ဦးဖြစ်ပါကြောင်း၊

ထို့အတွက်ကြောင့် နှစ်ပေါင်းများစွာ ယိုယွင်းပျက်စီးရသော တရားစီရင်ရေးမဏ္ဍိုင်အား မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမှ လွှမ်းမိုးချုပ်ကိုင်မှုမရှိစေဘဲ ရဲရင့်တည်ကြည်စွာဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရပ်တည်ရင်ဆိုင်လုပ်ကိုင်နိုင်သူဟု ယုံကြည်ရပါကြောင်း၊ ထို့အတူ တိုင်းအဆင့် စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်း တင်သွင်းခံရသော ဒေါ်သန်းဝင်းသည် B.Com (AA) ဘွဲ့ ရရှိသူ တစ်ဦးဖြစ်ကြောင်း၊ ၁၉၇၆ခုနှစ်မှစတင်၍ စာရင်းစစ်ဌာနတွင် ရာထူးအဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီး (၂၂-၉-၂၀၁၅)ရက်နေ့အထိ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အစိုးရဝန်ထမ်းတာဝန်များ ထမ်းဆောင်ခဲ့ချိန်တွင် အဂတိတရားလိုက်စားမှုနည်းပါးစွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးစွာ စာရင်းအင်းပညာဖြင့် ကောင်းမွန်စွာဆောင်ရွက်နိုင်သူဟု ယုံကြည်ပါကြောင်း၊ ထို့အတူ လွှတ်တော်အနေဖြင့် အစိုးရအဖွဲ့ဝင်အားလုံး၏ လုပ်ဆောင်ချက်များသည် အဂတိတရားကင်းရှင်းခြင်းရှိ/မရှိ၊ ဥပဒေ လုပ်ထုံး လုပ်နည်းများဖြင့် ညီ/မညီ၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ခြင်း ရှိ/မရှိတို့သည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် စဉ်ဆက်မပြတ် စောင့်ကြည့်တည့်မတ် ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်း တင်သွင်းခံရသူတို့သည် ၎င်းတာဝန်နှင့်ထိုက်တန်သော ကိုယ်ရည်ကိုယ်သွေးများနှင့် ပြည့်စုံသူများဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဘက်လိုက်မှု ကင်းရှင်း၍ တည့်မတ်စွာ တာဝန်ယူဆောင်ရွက်နိုင်သူများကြောင်း ရိုသေစွာ ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန် ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

## ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့်ပတ်သက်၍ ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းပေးရန် ဖြစ်ပါတယ်ခင်ဗျား။

**ဝန်ကြီးချုပ်**။ ။ ယနေ့ ကျွန်တော်အဆိုပြုတင်ပြသည့် ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်သော တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်း(ခ) ဒေါ်သန်းဝင်းတို့ကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီမှ စိစစ်ပြီး

ဖြစ်သည့်အပြင် ယခုကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းကျော်က ဥပဒေကြောင်းအရ စိစစ်ဆွေးနွေးတင်ပြ၍ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာ တင်ပြဆွေးနွေးခဲ့သဖြင့် ယင်းဆွေးနွေးတင်ပြချက်များအရ မိမိအဆိုပြုတင်ပြသည့် တိုင်းဒေသကြီး ဥပဒေချုပ်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က)အရလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ ပုဒ်မခွဲ(က)အရ လည်းကောင်း၊ ပြည့်စုံညီညွတ်မှုရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ် အမည်စာရင်းအား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆(က)(င)နှင့် ၂၇၁(က)(ဃ)တို့အရ သတ်မှတ်အရည်အချင်း များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်(၂)ဦးအား အဆိုပြုတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ် ရယူမှုဖြစ်၍ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် အဖြစ် ဦးအုန်းမြင့်၊ (ဘ) ဦးအောင်ငြိမ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ပခန(နိုင်) ဝ၇၂၄ဝ၁အား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်သန်းသန်းဝင်း(ခ) ဒေါ်သန်းဝင်း၊ (ဘ) ဦးချစ်မောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ပမန(နိုင်) ၁ဝ၇ဝ၂၄ အား လည်းကောင်း လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့ (၁၃း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၇)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလကွယ်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၇ ရက် ]**

**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၉၄.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်[သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်မကတော့ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထူးခိုင်နှင့် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကိုမင်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကျန်းမာရေးမကောင်းပါသဖြင့် လည်းကောင်း (၇.၄.၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ် ပေးပါရန် ၎င်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဝန်ကြီးချုပ်**။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ကျွန်တော် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးသန်းဝင်း၊ (ဘ) ဦးစန်းအောင်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၉/မနတ(နိုင်)၀၀၉၄၃၀ အမည်စာရင်းအား တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြအပ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နံနက်ပိုင်းကို (၁၀း၁၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးကို စတင် ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအမည်စာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

ဝန်ကြီးအမည်စာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးအား ဆွေးနွေးတင်ပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးသက်စိန်[ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခဲ့သော စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုထားသည့် ဦးသန်းဝင်းအား ထောက်ခံဆွေးနွေးတင်ပြသွားမည့် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် ဖြစ်ပါတယ်။

ယနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုတင်ပြခဲ့သော ဦးသန်းဝင်းသည် အသက်အားဖြင့် (၅၂)နှစ်ရှိပြီး ပညာအရည်အချင်းမှာ BE(E.P),D.C.Sc ဖြစ်ပါကြောင်း၊ ဦးသန်းဝင်းသည် ဗမာ၊ ဗုဒ္ဓဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူတစ်ဦးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းထုံမြို့တွင် နေထိုင်ပြီး ၎င်း၏ လုပ်ငန်းအတွေ့အကြုံများမှာ သိမ်ကြီးဈေး D ရုံ၊ Electrical Installation Engineer, မိုးကြိုးလျှပ်စစ်အင်ဂျင်နီယာ သမဝါယမအသင်း၊ ဘုရင့်နောင် See Food အအေးခန်းစက်ရုံစီမံကိန်း လျှပ်စစ်အင်ဂျင်နီယာ၊ ကျိုင်းထုံဟိုတယ်သစ် ဆောက်လုပ်ရေးလျှပ်စစ်အင်ဂျင်နီယာ၊ တြိဂံဒေသတိုင်း ခန်းမတည်ဆောက်ရေး လျှပ်စစ်အင်ဂျင်နီယာအဖြစ် ဆောင်ရွက်ခဲ့သည်ဟု တွေ့ရှိရပါကြောင်း၊ ထို့အပြင် ဦးသန်းဝင်းသည် လူမှုရေး၊ နိုင်ငံရေး လှုပ်ရှားမှုအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား ထောက်ပံ့ကူညီခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ထောက်ပံ့ကူညီခြင်း၊ ၂၀၁၅ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခြင်း စသည်တို့တွေ့ရှိရပါကြောင်း၊ ဖုန်းမော်အရေးအခင်းတွင် (၄)လ ထိန်းသိမ်းခံရသည်ဟု တွေ့ရှိရပါကြောင်း၊ ဦးသန်းဝင်းသည် ပညာအရည်အချင်း၊ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအတွေ့အကြုံ၊ လူမှုရေး၊ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တင်သွင်းသော စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် သင့်လျော်ကောင်းမွန်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း အလေးအနက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

**ဦးရဲလင်းနိုင်[ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးကိုယ်စားလှယ် ဦးရဲလင်းနိုင်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၇-၄-၂၀၁၆) ကြာသပတေးနေ့ နံနက်ပိုင်းအစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားသော စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် အဆိုပြုတင်ပြခံရသူ ဦးသန်းဝင်း(အဘ)ဦးစန်းအောင် အတွက် ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးသွားမည် ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပုဒ်မ -၂၆၂(က)အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် ဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူထဲကဖြစ်စေ ပုဒ်မ-၂၆၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ- ၂၆၁ (က)အရ အရည်အချင်းများမှာ-

- အသက်(၃၅)နှစ်ပြည့်ပြီးသူ။
- အသက်ကန့်သတ်ချက်မှအပ ပုဒ်မ-၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ။
- ပုဒ်မ-၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ။
- နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဟု ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁၂၀ ၊ ၁၂၁ နှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ စိစစ်အတည်ပြုပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုယ်စားလှယ် တစ်ဦးလည်းဖြစ်ပါသည်။ ထို့ကြောင့် ပုဒ်မ-၁၂၀ နှင့် ၁၂၁ တို့အတွက် အထူးစိစစ်ရန် မလိုအပ်ပါ၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဆိုပြုတင်ပြထားသော စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် အဆိုပြုတင်ပြခံရသူ ဦးသန်းဝင်း(အဘ) ဦးစန်းအောင် အတွက် ဥပဒေအကြောင်းအရ အရည်အချင်းပြည့်စုံသူဖြစ်ကြောင်း ဥပဒေနှင့်အညီ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆွေးနွေးမေးမြန်းရန် ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။)

ဆွေးနွေးမေးမြန်းရန် မရှိသည့်အတွက် အစည်းအဝေးအား ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ခင်ဗျား။

## ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြခြင်း အစီအစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး ထောက်ခံဆွေးနွေးခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည် ရှင်းလင်းရန် မရှိသဖြင့် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်သို့ အဆိုပြုတင်ပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်၏အဆုံးအဖြတ် ရယူရမှာဖြစ်၍ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် အားလုံးမှသဘောတူပါသလား ခင်ဗျား။

သဘောတူပါသလားခင်ဗျား

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။)

လွှတ်တော်ကိုယ်စားလှယ်အားလုံးက တစ်ညီတစ်ညွတ်တည်း သဘောတူညီသည့်အတွက် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးသန်းဝင်း၊ (ဘ) ဦးစန်းအောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မနတ(နိုင်)၀၀၉၄၃၀ အား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့ (၁၃း၁၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၆ခုနှစ် ဧပြီလ (၈)ရက် (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တခူးလဆန်း ၁ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၈ ရက် ]**

**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်[သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်မကတော့ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်နှင့် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကျန်းမာရေးမကောင်းပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကိုကိုလတ်သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း (၈. ၄. ၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ နှင့် ၆၁ အရ ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်သည့်အတွက် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးကြရန်ဖြစ်ပါတယ်။ ကတိသစ္စာပြုချက်ကို လွှတ်တော် ဥက္ကဋ္ဌမှ ဖတ်ကြားပေးပါမည်။

(ကျန်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးပါရန်။)

### [ နည်းဥပဒေ ၆၀ နှင့် ၆၁ ]

“ ကျွန်ုပ် ------------------------သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။ ”

(ကတိသစ္စာပြုလွှာပေါ်တွင် ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ခညောင်းကျန်းမာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်အနေဖြင့် ယနေ့တွင် ဖွဲ့စည်းပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့နိုင်ငံသည် အတိတ်သမိုင်းတလျှောက် အင်အားကြီးနိုင်ငံများ၏ ဗျူဟာမြောက် အခင်းအကျင်းများကြားတွင် နှစ်ပေါင်းများစွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် စိန်ခေါ်မှု အခက်အခဲများကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရပါကြောင်း၊ အတိတ်က ခါးသီးသော အတွေ့အကြုံများအရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုများ ပြိုကွဲခဲ့ရပါကြောင်း၊ ထိုအရာများကို သင်ခန်းစာယူ၍ ငြိမ်းချမ်းသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ ယခုလို နိုင်ငံ၏ အဖက်ဖက်မှ ယိုယွင်းနေသော စိန်ခေါ်မှုပေါင်းများစွာကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၅ ရွေးကောက်ပွဲတွင် နိုင်ငံသူ၊ နိုင်ငံသားများအား ကြေညာခဲ့ပြီး ဖြစ်သည့် ရွေးကောက်ပွဲကြေညာစာတမ်း လုပ်ငန်းစဉ်များအတိုင်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ်ကို ဟန်ချက်ညီညီ အပြန်အလှန် ထိန်းကျောင်းလျှက် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီရရှိရေး အတွက် နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေး၊ ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရပါကြောင်း၊ တိုင်းပြည်၏ ဖရိုဖရဲဖြစ်မှုများအား ပြန်လည်စုစည်းရန်နှင့် ကျဆုံးသွားသော ပုဂ္ဂိုလ်များ၏ မျှော်လင့်ချက်ရရှိရန် ခါးသီးသောအတိတ်အား သင်ပုန်းချေ၍ ကျွန်တော်တို့၏ အနာဂတ်မျှော်လင့်ချက်ရောင်နီဖြစ်သည့် နိုင်ငံတော်သစ် ဆီသို့ ဒီမိုကရေစီသူရဲကောင်းများပီပီ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ သစ္စာရှိခြင်းတို့ဖြင့် တွဲလက်ခိုင်မာစွာ အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါကြောင်း၊ နှစ်သစ်မင်္ဂလာတွင် ကျန်းမာ၊ ချမ်းသာပါစေကြောင်း ထပ်လောင်းဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်းနှင့် အားလုံးကိုကျေးဇူးတင်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့ (၁၀း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။